The Mirror

၁၃၆၇ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်၊ သောကြာနေ့၊ (10-2-2006) (၄၈၆၇)

ရှေးကထက် ပိုမိုစည်းလုံးညီညွတ်လက်တွဲကြ

ပြည်ထောင်စုကြီး ကျစ်လျစ်ခိုင်မာနေဖို့ တိုင်းရင်းသား လူမျိုးအပေါင်းဟာ ဘေးပြောတာ ကိုမယုံဘဲ မိမိတို့ ညီနောင်သားချင်း အချင်းချင်း ရင်းရင်းနှီးနှီး ချစ်ချစ်ခင်ခင် ဆက်ဆံပြီး ရှေးကထက် ပိုမို စည်းလုံးညီညွတ်စွာ လက်တွဲကြဖို့ လိုအပ်တယ်။ ဒီလို တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ခိုင်မာ ကျစ်လျစ်မှသာ အချုပ်အခြာ အာဏာဆိုတဲ့ ရရှိပြီးလွတ်လပ်ရေးဟာလည်း တည်တံ့ ခိုင်မြဲမှာ ဖြစ်တယ်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ
တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း သင်းလုံးကျွတ်အစည်းအဝေး(၁၉၉၇)မိန့်ခွန်းမှ–

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ချစ်ကြည်ရေးခရီး သွားရောက်မည်

ရန်ကုန် ဖေဖော်ဝါရီ ၁၀

တရုတ်ပြည်သူ့သမ္မတနိုင်ငံ နိုင်ငံတော်ကောင်စီ ဝန်ကြီးချုပ် မစ္စတာ ဝမ်ကြားပေါင်၏ ဖိတ်ကြားချက်အရ ပြည်ထောင်စု မြန်မာနိုင်ငံတော် – နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းနှင့် ဇနီး ဒေါ်သန်းသန်းနွဲ့တို့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ မကြာမီကာလအတွင်း ချစ်ကြည်ရေးခရီး သွားရောက်မည် ဖြစ်သည်။

(သတင်းစဉ်)

ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီ ဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သိန်းစိန် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်စဉ်။

(သတင်းစဉ်)

နိုင်ငံသားတိုင်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးပမ်း တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမည့် လုပ်ရပ်များကို ဆန့်ကျင်တားဆီး တိုင်းရင်းသားအားလုံး၏ လူနေမှုဘဝ ကွာဟချက် နည်းနိုင်သမျှ နည်းအောင် စီမံဆောင်ရွက်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယနေ့ညနေ ၃ နာရီတွင် ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ(၁) သုဝဏ္ဏ၌ တွေ့ဆုံ၍ ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားသည်။

အခမ်းအနားသို့ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဗိုလ်ချုပ်ကြီးမြင့်ဆွေ၊ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ အစိုးရအဖွဲ့–အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်မြို့တော်ဝန်၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး ဗဟိုကော်မတီနှင့် စီမံခန့်ခွဲမှုကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုတိုင်းရင်းသားကိုယ်စားလှယ်များ တက်ရောက်ကြသည်။

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ ပေါ်ပေါက်ရေးသည် မြန်မာနိုင်ငံသားအားလုံး၏ တာဝန်ဖြစ်သည်။

ကြေးမုံ The Mirror
၁၀-၂-၂၀၀၆
(သောကြာနေ့)

အမျိုးသားရေးရည်မှန်းချက်ပန်းတိုင် ဝိုင်းဝန်းတည်ဆောက် နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးဆက်စပ်

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီနိုင်ငံတော် ကြီးဖြစ်ပေါ်လာရေးအတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ် (၇)ရပ်ကို ချမှတ်အကောင်အထည်ဖော်လျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် အမျိုးသားရေး အင်အားစုကြီးဖြစ်သည်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်တည်ဆောက်ရာတွင် အမျိုးသားရေးစိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ် အရင်းခံဖြင့် လက်တွေ့ပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့် အသင်းကြီးက ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေး အသင်းဝင်များ၏ အရည်အသွေးနှင့် အရည်အချင်း တိုးတက်မြင့်မားရေး၊ လုပ်ငန်းဆိုင်ရာများ ကျွမ်းကျင်ထက်မြက်ရေးနှင့် အသိအမြင် ဗဟုသုတ အတွေးအခေါ် ကြွယ်ဝ ရင့်ကျက်လာစေရေးတို့အတွက် သင်တန်းများ ဖွင့်လှစ်၍ လေ့ကျင့်ပျိုးထောင်ပေးလျက်ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း မြန်မာ့ရေးရာနှင့် အပြည်ပြည်ဆိုင်ရာ လေ့လာမှုသင်တန်းအမှတ်စဉ် (၁၁) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီလ ၈ရက်နေ့က မှော်ဘီမြို့နယ်ရှိ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း သင်တန်းကျောင်း ပြည်ထောင်စုခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုနာယက အဖွဲ့ဝင်၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်း တက်ရောက်၍ အမှာစကားပြောကြားသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးစိုးဝင်းက အမှာစကား ပြောကြားရာတွင် **အသင်းဝင်များသည် အမျိုးသားရေး ရည်မှန်းချက်ပန်းတိုင်ကို ဝိုင်းဝန်းပံ့ဖော်တည်ဆောက်ရာတွင် ရှေ့ဆောင်ရှေ့ရွက်ပြုနိုင်သည့် နိုင်ငံ့သားကောင်းများဖြစ်နေရမှာ ဖြစ်ကြောင်း၊ နိုင်ငံတော်နှင့် ပြည်သူအကြား ပေါင်းကူးဆက်စပ်ပေးနိုင်သည့် စည်းရုံးရေးမှူးကောင်းများဖြစ်ရမည်၊ အဖျက်အန္တရာယ်ကို တွန်းလှန်ဖယ်ရှားနိုင်သည့် သူရဲကောင်းများဖြစ်ရမည်၊ ပြည်သူများနှင့် တစ်သားတည်းနေထိုင်ကျင့်ကြံနေသည့် ပြည်သူ့သားသမီးကောင်းများဖြစ်ရမည်ဖြစ်ကြောင်း** မှာကြားသွားသည်။

အသင်းဝင်များ၏ အရည်အသွေးနှင့် အရည်အချင်း အစဉ်အမြဲတိုးတက်မြင့်မားစေရေးအတွက် သင်တန်းများ ဖွင့်လှစ်လျက်ရှိရာတွင် အမျိုးသားရေးမူဝါဒ၊ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဖြစ်ပေါ်တိုးတက်မှုများနှင့် မိမိနိုင်ငံ၊ မိမိ လူမျိုး၏ အမျိုးသားရေးလက္ခဏာနှင့် ဂုဏ်အင်္ဂါရပ်များ၊ ရပ်ရွာဒေသ တည်ငြိမ်အေးချမ်းမှုနှင့် တရားဥပဒေစိုးမိုးမှု၏ တန်ဖိုး၊ စည်းလုံးညီညွတ်မှု၏ တန်ဖိုးနှင့် ပြည်ထောင်စုကြီး၏ တန်ဖိုးတို့ကိုလည်း ထည့်သွင်းဆွေးနွေးပို့ချပေးလျက် ရှိသည်။

ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းကြီးသည် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ်များအပါအဝင် နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေး အကောင်အထည်ဖော်မှုလုပ်ငန်းများ၌ အင်တိုက်အားတိုက် ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ယခုအခါ ခြစည်းရိုးကြက်ဆူပင်မှ ဇီဝလောင်စာထုတ်ယူပြီး လယ်ယာသုံးစက်ကိရိယာများ၊ မီးစက်များ၊ ရေစုပ်စက်များ၊ ထော်လာဂျီများကို မောင်းနှင်အသုံးပြုနိုင်သဖြင့် ကျေးလက်ဒေသများ၌ ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးကို အလေးထားလုပ်ကိုင်နေကြပြီဖြစ်သည်။

အသင်းဝင်များသည် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်လျက်ရှိရာ ကျေးလက်ပြည်သူ များ၏ အကျိုးစီးပွားကို ဖော်ဆောင်နေသော ခြံစည်းရိုးကြက်ဆူပင်စိုက်ပျိုးရေးနှင့် ဇီဝလောင်စာထုတ်လုပ်အသုံးပြုရေး လုပ်ငန်းများ ကျေးရွာအနှံ့ ကျယ်ကျယ်ပြန့်ပြန့် လုပ်ကိုင်လာနိုင်ရေး ပါဝင်ကြိုးပမ်းကြရမည်ဖြစ်သည်။

သို့ဖြစ်ရာ ပြည်သူကို ကိုယ်စားပြုသည့် အမျိုးသားရေးစွမ်းအားစုတစ်ရပ်ဖြစ်သော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ အနေဖြင့် အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ကို ဝိုင်းဝန်းပံ့ဖော် တည်ဆောက်ရာတွင် ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွ ပါဝင်ကြိုးပမ်းရင်း နိုင်ငံတော်နှင့် ပြည်သူများအကြား ပေါင်းကူးဆက်စပ်မှုလုပ်ငန်းများ၌ ထက်ထက်မြက်မြက် ဆက်လက်သယ်ပိုးထမ်းရွက်သွားနိုင်ကြမည်ဟု ကြေးမုံက ယုံကြည်ပါသည်။ ။

ပြည်သူ့သဘောထား

★ ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့်နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
★ နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
★ ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ဒုတိယနေ့ ဆက်လက်ဖွင့်လှစ်ပြသ

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ ခင်းကျင်းပြသရေး ဆပ်ကော်မတီက ကြီးမှူး၍ (၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲကို ယနေ့ နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဒုတိယနေ့အဖြစ် ဆက်လက် ခင်းကျင်းပြသရာ ရဟန်းရှင်လူပြည်သူများ၊ ဆရာ ဆရာမများနှင့် ကျောင်းသားကျောင်းသူများ လာရောက် ကြည့်ရှုလေ့လာကြသည်။

ပြပွဲတွင် ဗဟိုပြကွက်၊ မြန်မာနိုင်ငံ၏ သမိုင်းမတိုင်မီခေတ် ပြကွက်၊ ရှေးဟောင်း မြန်မာနိုင်ငံတော်များ ပြကွက်၊ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံပြကွက်၊ ပြည်ထောင်စုနေ့ ပေါ်ပေါက်လာပုံနှင့် လွတ်လပ်ရေး ရရှိခြင်းပြကွက်၊ ပြည်ထောင်စု စိတ်ဓာတ်ရင့်သန်ခိုင်မာရေးနှင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဖော်ဆောင်မှုများပြကွက်၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော် ပြကွက်နှင့် မျက်မှောက်ခေတ် နိုင်ငံရေး၊ လူမှုရေးဖြစ်ပေါ် ပြောင်းလဲတိုးတက်မှု ပြကွက်တို့ကို စနစ်တကျ ခင်းကျင်း ပြသထားသည်။

ခင်းကျင်းပြသထား

ရှေးဟောင်း မြန်မာနိုင်ငံတော်များ ပြကွက်တွင် တကောင်းမြို့ဟောင်းမှ ခိုင်မာသော သမိုင်းသက်သေများ၊ ရှေးဟောင်းပျူမြို့ပြနိုင်ငံများနှင့် ခေတ်ပြိုင်မြို့ပြနိုင်ငံများ၊ ပုဂံအကြိုခေတ်၊ ပျဉ်ပြားမင်းနန်းတော်ရာ၊ အနော်ရထာမင်းကြီး၊ ကျန်စစ်သားမင်းကြီးတို့၏ ပုဂံနန်းတော်ရာမြေပုံ၊ ပထမမြန်မာနိုင်ငံတော်၊ ဒုတိယမြန်မာနိုင်ငံတော်၊ တတိယမြန်မာနိုင်ငံတော်တို့၏ တည်နေရာ၊ အကျယ်အဝန်းပြ မြေပုံများကို ခင်းကျင်းပြသထားပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ပြကွက်တွင် ဝန်ကြီးဌာနများအလိုက် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ချက်များကို ပြခန်းများဖြင့် စနစ်တကျ ခင်းကျင်းပြသထားသည်။

ဘာသာစကားပြယှဉ်

ထို့အပြင် ကျောင်းသား၊ ကျောင်းသူများအတွက် ကွန်ပျူတာဘာသာစကားပြယှဉ် ပြိုင်ပွဲကို ကျင်းပပေးလျက်ရှိပြီး အမှတ်(၃) အခြေခံပညာဦးစီးဌာန၏ ပံ့ပိုးကူညီမှုဖြင့် Soft Guide Computer Co., Ltd. က စီစဉ်ကျင်းပသည့် Audio Language Lab စနစ်ဖြင့် ဆရာနှင့် ကျောင်းသား အင်္ဂလိပ်ဘာသာဖြင့် အမေးအဖြေ လေ့ကျင့်ဖြေဆိုယှဉ်ပြိုင်ပွဲကို ကျင်းပပေးလျက် ရှိရာ ယနေ့ပြိုင်ပွဲတွင် ဆရာမဒေါ်နီလာမြင့် ဦးဆောင်သည့် ရန်ကင်းမြို့နယ် အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်းက အကောင်းဆုံးဆုရရှိသွားသည်။

ကြည့်ရှုလေ့လာနိုင်

ပြပွဲကို ဖေဖော်ဝါရီ ၁၆ရက်အထိ နေ့စဉ်နံနက် ၉နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ပြသသွားမည် ဖြစ်ရာ မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်သည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲအား ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ဆက်လက် ပြသလျက်ရှိရာ လာရောက် ကြည့်ရှုလေ့လာသူများဖြင့် စည်ကားလျက်ရှိသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)

ပါဝင်ယှဉ်ပြိုင်

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန်ရောက်ရှိနေကြသည့် ပြည်နယ်နှင့်တိုင်းများမှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များ ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ၌ ဘာသာစကားပြယှဉ် ပါဝင်ယှဉ်ပြိုင်ကြစဉ်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ပြပွဲ

နေ့ရက် - ၈-၂-၂၀၀၆ မှ ၁၆-၂-၂၀၀၆

အချိန် - နံနက် ၀၉း၀၀ နာရီမှ ညနေ ၁၇း၀၀နာရီ

နေရာ - တပ်မတော်ခန်းမ၊ ဦးဝိစာရလမ်း၊ ရန်ကုန်မြို့။

(မည်သူမဆို အခမဲ့လာရောက်ကြည့်ရှုနိုင်ပါသည်)

ပြည်ထောင်စုနေ့ကိုယ်စားလှယ်များ ပြည်ထောင်စုနေ့ပြပွဲ ကြည့်ရှုလေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားနှင့် ဂုဏ်ပြုညစာစားပွဲသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ ရောက်ရှိနေကြသော ပြည်ထောင်စုနေ့ကိုယ်စားလှယ်များနှင့် ယဉ်ကျေးမှုအဖွဲ့ဝင်များသည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ကြိုဆိုနေရာချထားရေး ဆပ်ကော်မတီ အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးတင်ကြိုင်နှင့် တာဝန်ရှိသူများလိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ရန်ကုန်မြို့ ဦးဝိစာရလမ်းရှိ တပ်မတော်ခန်းမ၌ ခင်းကျင်းပြသလျက်ရှိသည့် ပြည်ထောင်စုနေ့ပြပွဲသို့ သွားရောက်ကြည့်ရှုလေ့လာကြရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းပြသကြသည်။ (သတင်းစဉ်)

တိုင်းရင်းသား သွေးချင်းသားရင်းများသည် "အသီးတစ်ရာ အညှာတစ်ခု" ဆိုသည့် စကားအတိုင်း သမိုင်းစဉ်တစ်လျှောက် အပြန်အလှန်ကူးလူးယှက်နွယ်ပြီး စုပေါင်းနေထိုင်လာခဲ့ကြသော ပြည်ထောင်စုသားများသာဖြစ်

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားစဉ်။ (သတင်းစဉ်)

☆ **နိုင်ငံသားတိုင်းမှ**

အခမ်းအနားတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ အတွင်းရေးမှူး ပြည်သူ့လွှတ်တော်ရုံး ညွှန်ကြားရေးမှူးချုပ် ဦးမြင့်သိန်းက အခမ်းအနားမှူးအဖြစ်ဆောင်ရွက်ပြီး အခမ်းအနားအစီအစဉ်များကို ဖတ်ကြားတင်ပြသည်။

အစီအစဉ်အရ ရှေးဦးစွာ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်က ကြိုဆိုနှုတ်ခွန်းဆက်စကား ပြောကြားရာတွင် ပြည်ထောင်စု၏ အတိတ်သမိုင်းကို ပြန်ကြည့်မည်ဆိုလျှင် မြန်မာတိုင်းရင်းသား သွေးသားရင်းချာများသည် ရှေးပဝေသဏီ သမိုင်းမတင်မီကာလကတည်းက မြန်မာ့မြေပေါ်၌ မရှိအတူရှိအတူ၊ ဥမကွဲ သိုက်မပျက်၊ တစ်စိတ်တစ်ဝမ်းတည်း အတူတကွလက်တွဲ နေထိုင်လာခဲ့ကြသူများဖြစ်ကြောင်း တွေ့ရမှာဖြစ်ကြောင်း၊ မြန်မာတိုင်းရင်းသားများသည် ဘိုးစဉ်ဘောင်ဆက်ကစပြီး ပြည်ထောင်စု၏တောင်ပေါ်မြေပြန့် တစ်နံတစ်လျားတွင် ရေကြည်ရာမြက်နုရာ ရွှေးချယ်သွားလာ နေထိုင်ကြရင်း နှစ်ပရိစ္ဆေဒကြာလာသည်နှင့်အမျှ ပထဝီ၊ ရေ၊ မြေ၊ ရာသီဥတုတို့၏ ထင်ဟပ်မှုကြောင့် ဘာသာစကား၊ ဓလေ့စရိုက်၊ အသုံးအဆောင်၊ ဝတ်စားဆင်ယင်မှုများ ကွဲပြားလာခဲ့ကြတာဖြစ်ကြောင်း။

အသီးတစ်ရာအညှာတစ်ခု

ယင်းသို့ ကွဲပြားကြသော်လည်း အမှန်စင်စစ် တိုင်းရင်းသား သွေးချင်းသားရင်းများသည် **"အသီးတစ်ရာ အညှာတစ်ခု"** ဆိုသည့် စကားအတိုင်း သမိုင်းစဉ်တစ်လျှောက်တွင် ဓလေ့ထုံးတမ်းများ၊ ယဉ်ကျေးမှုများ၊ အပြန်အလှန် ကူးလူးယှက်နွယ်ပြီး စည်းစည်းလုံးလုံး ညီညီညွတ်ညွတ် စုပေါင်းနေထိုင်လာခဲ့ကြသော ပြည်ထောင်စုသားများသာ ဖြစ်သည်ဆိုသည်ကို သမိုင်းအထောက်အထားများက အခိုင်အမာ ဖော်ညွှန်းပြဆိုလျက်ရှိကြောင်း။

ယင်းအချက်နှင့်ပတ်သက်ပြီး နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပညာရေးဘွဲ့ (ဘီအီးဒီ) သင်တန်းအမှတ်စဉ်(၃၇) သင်တန်းသား၊ သင်တန်းသူများအား သြဝါဒ စကား မြွက်ကြားရာတွင်–

"မိမိတို့ နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည် မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွ ပေါင်းစုနေထိုင်လာကြခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်သည်"ဟု မိန့်ကြားခဲ့ပါကြောင်း၊ ဗိုလ်ချုပ်မှူးကြီးက ဆက်လက်မိန့်ကြားရာတွင် "ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးရမှာဖြစ်ကြောင်း၊ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်း တည်တံ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမှာဖြစ်သည်"

ဟု မိန့်ကြားခဲ့ပါကြောင်း။

ပူးပေါင်းကာကွယ်

နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှာကြားချက်နှင့်အညီ တိုင်းရင်းသားအားလုံးသည် ပြည်ထောင်စုနိုင်ငံ၏ အလံတော်တစ်ခုတည်းအောက်တွင် နေထိုင်ကြပြီး **"ပြည်ထောင်စုစိတ်ဓာတ်"**ဖြစ်သော တလုံးတစည်း၊ တညီတညွတ်တည်း နေထိုင်သွားမည်ဆိုသည့်စိတ်ဓာတ်၊ တစ်ဦးကိုတစ်ဦး ရိုင်းပင်းကူညီမည်ဆိုသည့်စိတ်ဓာတ်၊ အခက်အခဲ အကျပ်အတည်း ပေါ်ပေါက်ခဲ့လျှင် ကူညီဖြေရှင်းမည်ဆိုသည့် စိတ်ဓာတ်၊ အန္တရာယ်ကျရောက်ခဲ့လျှင် အကာအကွယ်ပေးမည်ဆိုသည့် စိတ်ဓာတ်၊ ပြည်ထောင်စုကြီး အေးချမ်းသာယာအောင်၊ ဖွံ့ဖြိုးတိုးတက်အောင် ပူးပေါင်းကြိုးပမ်းကြမည်ဆိုသည့် စိတ်ဓာတ်များဖြင့် တိုင်းရင်းသားများအားလုံးက ပြည်ထောင်စုကြီးကို ပူးပေါင်းကာကွယ် စောင့်ရှောက်သွားကြရမှာဖြစ်ကြောင်း။

လူမျိုးစွဲစိတ်ဓာတ်၊ ဒေသစွဲစိတ်ဓာတ်နှင့် တရားသေဝါဒစွဲစိတ်ဓာတ်များသည် **"ပြည်ထောင်စုစိတ်ဓာတ်"**၏ ဆန့်ကျင်ဘက်အစွန်းတရားများဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေသည့်၊ တိုင်းရင်းသားအားလုံးကို ဆင်းရဲတွင်းသက်ဆင်းစေသည့် အဖျက်သဘောဆောင်သည့် သဘောထားများဖြစ်သည်ဆိုသည်ကို သိရှိကြပြီး ယင်းစိတ်ဓာတ်များ၊ ယင်းအယူအဆများကို ပယ်ရှင်းပစ်ကြရန် မှာကြားလိုကြောင်း။

အာရှတစ်ခွင်ထင်ရှားခဲ့

မြန်မာနိုင်ငံသမိုင်းတွင် တိုင်းရင်းသားစည်းလုံးညီညွတ်မှုကို အခိုင်အမာ စုစည်းတည်ဆောက်နိုင်ခဲ့သဖြင့် ခရစ်နှစ် ၁၀၄၄ ခုနှစ် အနော်ရထာမင်းလက်ထက်တွင် ပထမမြန်မာနိုင်ငံတော်ကြီး၊ ခရစ်နှစ် ၁၅၅၁ ခုနှစ် ဘုရင့်နောင်လက်ထက်တွင် ဒုတိယမြန်မာနိုင်ငံတော်ကြီးနှင့် ခရစ်နှစ် ၁၇၅၂ ခုနှစ် အလောင်းဘုရား ဦးအောင်ဇေယျလက်ထက်တွင် တတိယမြန်မာနိုင်ငံတော်ကြီးတို့ကို တည်ထောင်နိုင်ခဲ့သည့်အတွက် မြန်မာနိုင်ငံသည် အာရှဒေသတစ်ခွင်၌ ထင်ရှားခဲ့ပြီး အိမ်နီးချင်းနိုင်ငံများ၏ လေးစားခံ့ညားမှုကို ရရှိခဲ့သည်မှာ သမိုင်းတွင် အထင်အရှားပင်ဖြစ်ကြောင်း။

ကုန်းဘောင်မင်းဆက်များ လက်ထက်တွင် ကိုလိုနီနယ်ချဲ့တို့၏ သပ်သျှိုသွေးခွဲသည်ကို ခံခဲ့ရ၍ နန်းတွင်းစည်းလုံးညီညွတ်မှု ပျက်ပြားခဲ့ပြီး ပြည်ထောင်စုစိတ်ဓာတ် မှေးမှိန်ခဲ့ရသည့် အကျိုးဆက်ကြောင့် နိုင်ငံတော်သည် ကိုလိုနီနယ်ချဲ့တို့၏ လက်အောက်ကျွန်သပေါက်ဘဝကို ကျရောက်ခဲ့ရကြောင်း။

ကိုလိုနီနယ်ချဲ့တို့သည် မြန်မာနိုင်ငံနှင့် မြန်မာတိုင်းရင်းသားများအပေါ် ရေရှည်သွေးစုပ်ခြယ်လှယ် အုပ်ချုပ်နိုင်ရန်အတွက် တိုင်းရင်းသားအချင်းချင်း သံသယစိတ်များ ကြီးထွားလာစေပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှုပျက်ပြားအောင် နည်းမျိုးစုံဖြင့် သွေးထိုးလုပ်ကြံဖန်တီးခဲ့ကြောင်း၊ ယင်းသို့ ကိုလိုနီနယ်ချဲ့၏ တိုင်းရင်းသားများအကြား သံသယစိတ်များပွားပြီး အချင်းချင်း ရန်လိုမုန်းတီးအောင် ဖန်တီးမှုများသည် တိုင်းရင်းသားများ၏ မျိုးချစ်စိတ်ဓာတ်၊ တိုင်းချစ်ပြည်ချစ်စိတ်၊ ဇာတိသွေးဇာတိမာန်နှင့် နယ်ချဲ့တော်လှန်ရေးစိတ်ဓာတ်များကို ဖျက်ဆီးရိုက်ချိုးရန်အတွက် ကြံရွယ်လုပ်ဆောင်ခဲ့သည့် အဖျက်လုပ်ရပ်များပင်ဖြစ်ကြောင်း။

သွေးခွဲသပ်သျှိုမှုများလုပ်ခဲ့

ကိုလိုနီနယ်ချဲ့များသည် အုပ်ချုပ်ရေးတွင်လည်း ပြည်မနှင့်တောင်တန်း သွေးခွဲအုပ်ချုပ်ခဲ့သည့်အတွက် ဖွံ့ဖြိုးတိုးတက်မှုမရှိသည့် တောင်တန်းဒေသများသည် ဖွံ့ဖြိုးမှုနောက်ကျသည်ထက် နောက်ကျခဲ့ရသည် ဆိုသည်ကို တိုင်းရင်းသားအားလုံး ကြုံတွေ့ခဲ့ရပြီးဖြစ်ကြောင်း၊ ကိုလိုနီနယ်ချဲ့များအနေဖြင့် မလွှဲမရှောင်သာ လွတ်လပ်ရေး ပေးရတော့မည့်အခြေအနေ ရောက်နေချိန်မှာပင် တောင်တန်းဒေသများကို သူတို့၏ ဩဇာခံနယ်ပယ်များအနေဖြင့် ဆက်လက်သိမ်းသွင်း အုပ်စိုးလိုသည့်အတွက် မြေပြန့်နေ တိုင်းရင်းသားများနှင့် တောင်တန်းဒေသ တိုင်းရင်းသားများအကြား စိတ်ဝမ်းကွဲပြားအောင် အမျိုးမျိုးအဖုံဖုံ သွေးခွဲသပ်လျှိုမှုများလုပ်ခဲ့သည်ကိုလည်း သမိုင်းတွင် အထင်အရှားတွေ့ရမှာဖြစ်ကြောင်း။

အမြော်အမြင်ကြီးမားသည့် တိုင်းရင်းသားခေါင်းဆောင်များ၏ ကြိုးပမ်းအားထုတ်မှုဖြင့် ၁၉၄၇ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်နေ့တွင် ရှမ်းပြည်နယ် ပင်လုံမြေ၌ ပြည်မတောင်တန်း မခွဲခြားဘဲ အတူတကွ လွတ်လပ်ရေးရယူကြမည်ဆိုသည့် ခိုင်မြဲသည့် သန္နိဋ္ဌာန်ဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်မှုကို အခိုင်အမာ ပြသခဲ့ကြကြောင်း၊ ယင်းသို့ ပြသနိုင်ခဲ့သည့်အတွက်ကြောင့်လည်း ၁၉၄၈ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် မြန်မာတစ်နိုင်ငံလုံး မည်သည့်ပြည်နယ်၊ မည်သည့်တောင်တန်း၊ မည်သည့်ဒေသမျှ ကြွင်းကျန်ခဲ့ ခြင်းမရှိဘဲ လွတ်လပ်သော အချုပ်အခြာအာဏာပိုင် ပြည်ထောင်စုကြီးအဖြစ်ကို ပြန်လည်ရရှိခဲ့ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ သမိုင်းတစ်လျှောက်တွင် အစဉ်အမြဲ အောက်မေ့တသ နေရမည့်နေ့၊ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲရေးအတွက် အသက်တမျှ အရေးကြီးလှသည့်နေ့၊ လွတ်လပ်ရေးအတွက် သန္ဓေတည်ပေးခဲ့သည့်နေ့စသော နိုင်ငံရေးအဓိပ္ပာယ်လေးနက်လှသည့် ဖေဖော်ဝါရီ ၁၂ ရက်နေ့ကို **"ပြည်ထောင်စုနေ့"**ဟု သတ်မှတ်ပြီး နှစ်စဉ်နှစ်တိုင်း ဤနေ့ ဤရက်တွင် ပြည်ထောင်စုနေ့ အခမ်းအနားများကို ပြည်ထောင်စုမြန်မာနိုင်ငံတစ်ဝန်းလုံးတွင် နိုင်ငံရေးအနှစ်သာရရှိရှိနှင့် အမျိုးသားရေးဦးတည်ချက်များ ချမှတ်ပြီး ထည်ထည်ဝါဝါ ကျင်းပနေခြင်းပင်ဖြစ်ကြောင်း။

ဆူပူဆန့်ကျင်မှုအန္တရာယ်

မြန်မာနိုင်ငံ လွတ်လပ်ရေးရပြီးသည့်နောက်တွင် ကိုလိုနီနယ်ချဲ့လက်သစ်တို့၏ လူမျိုးရေးပဋိပက္ခဖြစ်အောင် သပ်လျှိုသွေးခွဲမှု၊ ဝါဒရေးရာအရ ဖြားယောင်းသိမ်းသွင်းမှုများကြောင့် ပြည်တွင်းလက်နက်ကိုင် ဆူပူဆန့်ကျင်မှုအန္တရာယ်သည် လွန်စွာကြီးမားပြင်းထန်ခဲ့ကြောင်း၊ တစ်နိုင်ငံလုံးနီးပါး ရောင်စုံလက်နက်ကိုင် ဆန့်ကျင်မှုများ၏ အရိပ်မည်းကြီးအောက် ကျရောက်ခဲ့ရပြီး ကိုလိုနီနယ်ချဲ့လက်အောက်က လွတ်မြောက်စ မြန်မာနိုင်ငံသည် ကိုလိုနီလက်သစ်များ၏ ဩဇာခံ၊ ကြိုးဆွဲခြယ်လှယ်ခံဖြစ်ရတော့မည့် အခြေအနေကို ရောက်ရှိခဲ့ကြောင်း။

ယင်းအခြေအနေတွင် တပ်မတော်အနေဖြင့် တိုင်းရင်းသားပြည်သူများဘက်က သစ္စာရှိရှိ တာဝန်သိသိရပ်တည်ခဲ့ပြီး စွမ်းစွမ်းတမံ ဆောင်ရွက်ခဲ့သည့်အတွက် မြို့ပြအများစုသည် ငြိမ်းချမ်းမှုရခဲ့သော်လည်း ကျေးလက်တောရွာများ၊ အထူးသဖြင့် နယ်စပ်ဒေသများသည် ပြည်တွင်းလက်နက်ကိုင်ဆူပူမှု၏ ဆိုးမွေကို ခါးစည်းခံခဲ့ကြရကြောင်း၊ ယင်းဒေသများက တိုင်းရင်းသားပြည်သူများမှာလည်း ကျီးလန့်စာစားဘဝဖြင့် နှစ်ပေါင်းများစွာ နေထိုင်ခဲ့ကြရပြီး တိုင်းရင်းသားအချင်းချင်း အထင်အမြင်လွဲမှားမှု၊ သံသယပွားမှုတို့ကြောင့် များစွာသော အသက်၊ သွေး၊ ချွေးများ ဆုံးရှုံးခဲ့ကြရသည်ဆိုတာ အားလုံးအသိပင်ဖြစ်ကြောင်း။

အစိုးရအဆက်ဆက်အနေဖြင့် နိုင်ငံတော် ပြန်လည်ထူထောင်ရေးအစီအမံများကို မည်မည်ရရ ဆောင်ရွက်နိုင်မှုမရှိခဲ့ခြင်းများ၊ ပြန်လည်ထူထောင်ရေးအစီအစဉ်များသည် အဖျက်အမှောင့်လုပ်ရပ်များကြောင့် **"သမင်မွေးရင်း ကျားစားရင်း"** ဖြစ်ခဲ့ရသည်များကိုလည်း အားလုံးသိရှိကြပြီးဖြစ်ကြောင်း။

စာမျက်နှာ ၆ ကော်လံ ၁ သို့ ●

လူမျိုးစွဲ စိတ်ဓာတ်၊ ဒေသစွဲ စိတ်ဓာတ် နှင့် တရားသေဝါဒစွဲ စိတ်ဓာတ်များသည် "ပြည်ထောင်စုစိတ်ဓာတ်"၏ ဆန့်ကျင်ဘက်အစွန်းတရားများဖြစ်ပြီး တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပျက်ပြားစေသည့်၊ တိုင်းရင်းသားအားလုံးကို ဆင်းရဲတွင်း သက်ဆင်းစေသည့် သဘောထားများ ဖြစ်သည်ဆိုသည်ကို သိရှိကြပြီး ယင်း စိတ်ဓာတ်များ၊ ယင်းအယူအဆများကို ပယ်ရှင်း။

ကျူးဘားကိုယ်စားလှယ်အဖွဲ့အား နှင်ထုတ်မှုကြောင့် မက္ကဆီကိုစီးတီးရှိ ကန် ဟိုတယ်ရှေ့၌ ကန့်ကွက်ဆန္ဒပြ

မက္ကဆီကိုစီးတီး ဖေဖော်ဝါရီ ၈

ကျူးဘားနိုင်ငံအလံများကို ကိုင်ဆောင်ထားသည့် ဆန္ဒပြသူ ကျူးဘားနိုင်ငံသားများက မက္ကဆီကိုစီးတီးရှိ အမေရိကန်ပိုင် ရှာရေတန်ဟိုတယ်၏ ဝင်ပေါက်ကိုပိတ်ဆို့ထားပြီး ဟိုတယ်ပိတ်ထားရန် တောင်းဆိုဆန္ဒပြကြသည်။ ယင်းဟိုတယ်က အမေရိကန်၏အမိန့်အတိုင်း လိုက်နာ၍ ကျူးဘားကိုယ်စားလှယ်အဖွဲ့မှ တာဝန်ရှိပုဂ္ဂိုလ်များအား နှင်ထုတ်ခဲ့ခြင်းကြောင့် ယင်းသို့ ဆန္ဒပြတောင်းဆိုကြခြင်းဖြစ်သည်။

ကျူးဘားမှ တာဝန်ရှိပုဂ္ဂိုလ် ၁၆ ဦး ပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ယင်းဟိုတယ်တွင် လွန်ခဲ့သည့် ရက်သတ္တပတ်က နေထိုင်ကာ အမေရိကန် စွမ်းအင်ကုမ္ပဏီများနှင့် တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်နေစဉ် ဟိုတယ်က နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။ ယင်းကိစ္စအပေါ် မကျေနပ်သည့် လူ ၃၀ ခန့်က ဟိုတယ်၏ အပြင်ဘက်မှ ဆန္ဒပြခဲ့ပြီး အမေရိကန်တို့ ပြန်သွားဟု ဟစ်ကြွေးခဲ့သည်။

မက္ကဆီကိုအစိုးရက ယင်းကဲ့သို့ ကျူးဘား တာဝန်ရှိပုဂ္ဂိုလ်များကို နှင်ထုတ်ခဲ့မှုအပေါ် စုံစမ်းစစ်ဆေးမည်ဖြစ်ပြီး ရှာရေတန်ဟိုတယ်က ပြစ်မှုကျူးလွန်ခဲ့ပါက ဥပဒေကြောင်းအရ ဆောင်ရွက်သွားမည်ဟု သမ္မတ၏ ပြောရေးဆိုခွင့်ရှိသူ ဂူဘင်အူဂျီလာက ပြောကြားသည်။

ပြောကြား

ယင်းလုပ်ရပ်သည် မိမိနိုင်ငံ၏ ဥပဒေအရ လက်ခံနိုင်စရာမရှိကြောင်း၊ နိုင်ငံတကာဥပဒေ၏ စည်းမျဉ်းများနှင့်လည်းဆန့်ကျင်နေကြောင်းမက္ကဆီကို နိုင်ငံခြားရေး ဝန်ကြီး လူဝစ္စဒါဘက်ဇ်က ပြောကြားသည်။

ကျူးဘားနိုင်ငံအပေါ် အမေရိကန်က ကုန်သွယ်ရေးအရ အရေးယူပိတ်ဆို့ထားမှုကြောင့် ကျူးဘားမှ ကိုယ်စားလှယ်များကို ယင်းဟိုတယ်မှ ထွက်ခွာစေရန် အမေရိကန်ဘဏ္ဍာရေးဌာနက မေတ္တာရပ်ခံကြောင်း ရှာရေတန်ပိုင်ဆိုင်သည့် စတားဝုဒ်ဟိုတယ်အုပ်စုက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်နိုင်ငံ မြို့တော်ဘဂ္ဂဒက်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ရဲတပ်ဖွဲ့ဝင်တစ်ဦး လုံခြုံရေးစောင့်ကြပ်နေသည်ကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ဗင်နီဇွဲလားသမ္မတ ဆန့်ကျင်ရေးသတင်း လွှင့်ထုတ်ရန် အမေရိကန်၏ အဆိုပြုချက်ကို ဝေဖန်ပြောကြား

ကရာကတ်စ် ဖေဖော်ဝါရီ ၈

ဗင်နီဇွဲလားသမ္မတ ဟူဂိုချာဗက်ဇ် ဆန့်ကျင်ရေးအသံလွှင့်ချက်များ တိုးမြှင့်ပြုလုပ်နိုင်ရန်အတွက် အမေရိကန်အစိုးက အသုံးစရိတ်တောင်းခံမှု အစီအစဉ်အပေါ် ဗင်နီဇွဲလားက အင်္ဂါနေ့တွင် အပြင်းအထန် ဝေဖန်ပြောကြားလိုက်ပြီး ယင်းလုပ်ရပ်သည် ရေနံအဓိကထုတ်လုပ်သည့် ဗင်နီဇွဲလားနိုင်ငံနှင့် ဒေသတစ်ခုတည်းအတွင်းရှိ ရေနံဝယ်ယူတင်သွင်းသည့် အမေရိကန်နိုင်ငံအကြား တင်းမာမှုကို မီးထိုးပေးသလိုဖြစ်စေကြောင်း ၎င်းက ပြောကြားသည်။

ရှုတ်ချ

သမ္မတ ချာဗက်ဇ်ကို ဝေဖန်သည့် သတင်းများကို အမေရိကန်နိုင်ငံက ထုတ်လွှင့်ကြောင်း၊ ယင်းလုပ်ရပ်သည် အသိဉာဏ်ကင်းမဲ့စွာဖြင့် ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းဖြစ်ပြီး အခွန်ထမ်း အမေရိကန်ပြည်သူလူထု၏ ငွေကို ဖြုန်းတီးနေခြင်းသာ ဖြစ်သည်ဟု ဗင်နီဇွဲလား ဆက်သွယ်ရေးဝန်ကြီးဌာနက ရှုတ်ချပြောကြားသည်။

ကြေညာ

အာဖဂန်နစ္စတန်၊ ဇင်ဘာဘွေနှင့် ဗင်နီဇွဲလားနိုင်ငံများမှ သတင်းနှင့် နိုင်ငံတကာသတင်းများကို ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များကတိုးမြှင့်ထုတ်လွှင့်နိုင်ရန်အတွက် အမေရိကန် အသံလွှင့်ဌာနသို့ ၂၀၀၇ ခုနှစ်အတွင်း အသုံးစရိတ်တိုး၍ ခွင့်ပြုမည်ဖြစ်ကြောင်း သမ္မတဘုရှ်က တနင်္လာနေ့က ကြေညာခဲ့သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

အီရတ်နိုင်ငံ ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှု ဖြစ်ပွားပြီးနောက် ပျက်စီးသွားခဲ့သော ယာဉ်တစ်စီးကို ဖေဖော်ဝါရီ ၈ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အမေရိကန်၏ ကာကွယ်ရေးသုံးသပ်ချက် အစီရင်ခံစာအပေါ် တရုတ်အစိုးရက ဆန့်ကျင်ကြောင်း ပြောကြား

ပေကျင်း ဖေဖော်ဝါရီ ၈

အမေရိကန်က ထုတ်ဝေသည့် လေးနှစ်တစ်ကြိမ် ကာကွယ်ရေးသုံးသပ်ချက်(ကျူဒီအာ) အစီရင်ခံစာတွင် တရုတ်ပြည်၏ စစ်ရေးခြိမ်းခြောက်မှုအန္တရာယ်ဟု ပုံကြီးချဲ့ကားထားသည့် ဆောင်းပါးကို တရုတ်အစိုးရက အခိုင်အမာ ဆန့်ကျင်ကြောင်း ပြောကြားလိုက်သည်။

ကျူဒီအာတွင် ပါသည့် အကြောင်းအရာနှင့်ပတ်သက်၍ တရုတ်အစိုးရက အမေရိကန်ဘက်သို့ မကျေနပ်ကြောင်း တိုင်တန်းခဲ့သည်ဟု နိုင်ငံခြားရေးဝန်ကြီး ကွန်ကွမ်က အင်္ဂါနေ့က ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။ ယင်းစာစောင်ကို အမေရိကန် ကာကွယ်ရေးဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ထုတ်ပြန်ခဲ့ကြောင်း၊ ယင်းအစီရင်ခံစာတွင် တရုတ်ပြည်၏ သာမန်ကာကွယ်ရေးတည်ဆောက်မှုကိုဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ဝေဖန်ထားကြောင်း ၎င်းကပြောကြားသည်။

ဝင်ရောက်စွက်ဖက်

ယင်းလုပ်ရပ်သည် တရုတ်ပြည်၏ ပြည်တွင်းရေးတွင် ဝင်ရောက်စွက်ဖက်ခြင်းသာဖြစ်ပြီး ပြည်သူလူထု၏သဘောထား လမ်းကြောင်း ပြောင်းသွားစေနိုင်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

ဝေဖန်

ယင်းအစီရင်ခံစာတွင် တရုတ်ပြည်၏ စစ်ဘက်ကဏ္ဍ၌ ထင်သာမြင်သာမရှိဟူ၍ ဝေဖန်ထားသည်ဟု တရုတ်နှင့် အမေရိကန် ဆက်ဆံရေးဌာနမှ ကျွမ်းကျင်သူနှင့် နိုင်ငံတကာ လေ့လာရေးဌာနမှ ဒုတိယအကြီးအကဲဖြစ်သူ ယူယန်ဇွန်ဇီက ပြောကြားသည်။

လက်ခံနိုင်စရာမရှိ

ယင်းအစီရင်ခံစာနှင့် ပတ်သက်၍ လက်ခံနိုင်စရာမရှိကြောင်း၊ တရုတ်က အမျိုးသား ကာကွယ်ရေးနှင့် ပတ်သက်၍ နှစ်စဉ် ထုတ်ပြန်ခဲ့ပြီး ငြိမ်းချမ်းစွာဖွံ့ဖြိုးတိုးတက်မှုရှိခဲ့ကြောင်း၊ ၂၀၀၅ခု ဒီဇင်ဘာလအတွင်းက အစီရင်ခံစာ ထုတ်ပြန်ခဲ့ကြောင်း ၎င်းက ပြောကြားသည်။

တရုတ်ပြည်က ယခင်ကရော၊ ယခုတွင်ပါ မည်သည့်နိုင်ငံကိုမျှ မည်သည့်အချိန်ကာလကမျှ ခြိမ်းခြောက်ခဲ့ခြင်းမရှိကြောင်း ၎င်းက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရိုမေးနီးယားတွင် အအေးဓာတ်လွန်ကဲ၍ သေဆုံးသူ ၇၆ ဦးရှိပြီ

ဘူခါရက် ဖေဖော်ဝါရီ ၈

ရိုမေးနီးယားနိုင်ငံတွင် လွန်ခဲ့သည့် သုံးရက်အတွင်း အအေးဓာတ်လွန်ကဲမှုကြောင့် သွေးခဲ၍ သေဆုံးသူဦးရေသည် ဇန်နဝါရီ ၁၅ ရက်နောက်ပိုင်းတွင် ၇၆ ဦးအထိ မြင့်တက်လာကြောင်း ရိုမေးနီးယားသတင်းဌာနက အင်္ဂါနေ့တွင် ဖော်ပြသည်။

အသက်(၂၉)နှစ်မှ (၈၆)နှစ်အတွင်းရှိ သေဆုံးသူများမှာ အများစုသည် နှလုံးရောဂါနှင့် ဆက်နွှယ်သည့် ရောဂါများနှင့် အရက်အလွန်အကျွံသောက်သုံးမှုကြောင့် သေဆုံးခြင်းဖြစ်ပြီး ၎င်းတို့အထဲမှ ၂၁ ဦးသည် အိမ်ခြေရာခြေမရှိသူများ ဖြစ်သည်။

ဘူခါရက်မြို့တော်မြောက်ပိုင်း ကီလိုမီတာ ၇၀ အကွာရှိ ပလွိုင်စတီဒေသတွင် အအေးပတ်၍ လူကိုးဦးသေဆုံးပြီး ဒေသ ၄၁ ခုတွင် အအေးလွန်ကဲမှုကြောင့် သေဆုံးသူအများအပြား ရှိခဲ့သည်။ ဘူခါရက်မြို့တော်တွင် သွေးခဲ၍ သေဆုံးသူ သုံးဦးရှိသည်ဟု သိရသည်။

အမ်အင်အေ၊ဆင်ဟွာ။

ရောမ၌ ဘတ်စ်ကား မတော်တဆမှုဖြစ်ပွား ခရီးသည် ၁၂ ဦးသေဆုံး

ရောမ ဖေဖော်ဝါရီ ၈

အီတလီနိုင်ငံ ရောမမြို့အနောက်မြောက်ပိုင်း၌ တနင်္လာနေ့တွင် ကမ္ဘာလှည့်ခရီးသည်များ တင်ဆောင်လာသည့် ဘတ်စ်ကားတစ်စီးသည် လျှိုတစ်ခုအတွင်းသို့ ထိုးကျသွားသဖြင့် လူ ၁၂ ဦး သေဆုံးသွားကြောင်း အေအင်အက်စ်အေသတင်းဌာနက ဖော်ပြသည်။

ကမ္ဘာလှည့်ခရီးသည် ၃၁ ဦး လိုက်ပါလာသည့် ဘတ်စ်ကားသည် ရောမမြို့ရှိ မွန်တီမာရီယိုတောင်ကုန်းမှ ၎င်းတို့တည်းခိုရာဟိုတယ်သို့ ပြန်လာစဉ် ညသန်းခေါင်ယံမတိုင်မီ မတော်တဆမှု ဖြစ်ပွားခဲ့ကြောင်း သတင်းဌာနက ဖော်ပြသည်။

ကမ္ဘာလှည့်ခရီးသည် ကိုးဦးမှာလည်း ဒဏ်ရာရရှိခဲ့ပြီး ၎င်းတို့အနက် လေးဦးမှာ ဒဏ်ရာပြင်းထန်ကြောင်း ကယ်ဆယ်ရေးအလုပ်သမားများက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

ဘဂ္ဂဒက်တွင် ဗုံးနှစ်လုံး ပေါက်ကွဲမှုကြောင့် လူခုနစ်ဦးထက်မနည်း သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၈

အီရတ်နိုင်ငံ၏ မြို့တော်ဘဂ္ဂဒက်၏ လူစည်ကားရာ ဈေးတစ်ခုတွင် အိမ်လုပ်ဗုံးနှစ်လုံး အင်္ဂါနေ့က ပေါက်ကွဲသဖြင့် အီရတ်ခုနစ်ဦးထက်မနည်း သေဆုံးပြီး အခြားလူ ၂၀ ဒဏ်ရာရရှိသည်။

ဘဂ္ဂဒက်မြို့လယ်ကောင် ဘက်အယ်လ်-ရှာဂျီဒေသရှိ နာမည်ကျော် အယ်လ်ပဟာရက်ဈေးမှ စီဒီခွေရောင်းချသည့် ဆိုင်အနီးတွင် ဗုံးတစ်လုံးပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း၊ အခြားဗုံးတစ်လုံးသည် ရဲတပ်ဖွဲ့ ကင်းလှည့်ယာဉ်တစ်စီး အခင်းဖြစ်ပွားရာသို့ ရောက်လာခဲ့ပြီးနောက် ပေါက်ကွဲခြင်းဖြစ်ကြောင်း ပြည်ထဲရေးဝန်ကြီးဌာနသတင်းရပ်ကွက်က ဆင်ဟွာသတင်းဌာနသို့ ပြောကြားသည်။

ယင်းသို့ ဗုံးနှစ်လုံးပေါက်ကွဲခဲ့စဉ်အတွင်း ရဲတပ်ဖွဲ့ဝင် ငါးဦးအပါအဝင် လူ ၂၀ ခန့်ဒဏ်ရာရရှိပြီး အီရတ်ခုနစ်ဦးထက်မနည်း သေဆုံးခဲ့ကြောင်း ဗုံးတစ်လုံးနှင့်တစ်လုံး မိနစ်ပိုင်းသာခြားပြီး ပေါက်ကွဲခဲ့ခြင်းဖြစ်ကြောင်း ရဲသတင်းရပ်ကွက်က ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အီရတ်တွင် လမ်းဘေးဗုံးပေါက်ကွဲမှုဖြစ်ပွား အမေရိကန် မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံး

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၈

အီရတ်နိုင်ငံတွင် နှစ်ရက်အတွင်း လမ်းဘေးဗုံးပေါက်ကွဲခဲ့သဖြင့် အမေရိကန် မရိန်းတပ်ဖွဲ့ဝင်လေးဦး သေဆုံးခဲ့ကြောင်း အင်္ဂါနေ့က ထုတ်ပြန်သည့် အမေရိကန်စစ်ဘက် ကြေညာချက်တစ်ရပ်အရ သိရှိရသည်။

အီရတ်နိုင်ငံရှိ ဆွန်နီပြောက်ကျားများ၏ ခြေကုပ်စခန်းဖြစ်သည့် အန်ဘာပြည်နယ် ဟစ်မြို့နယ်တွင် အမေရိကန်မရိန်းတပ်ဖွဲ့ဝင်သုံးဦး တနင်္လာနေ့က သေဆုံးခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းပြည်နယ်တွင်ပင် အိမ်လုပ်ဗုံး သို့တည်းမဟုတ် လမ်းဘေးဗုံးပေါက်ကွဲမှုကြောင့် မရိန်းတပ်ဖွဲ့ဝင်တစ်ဦး နောက်ထပ်သေဆုံးခဲ့သည်။

လမ်းဘေးဗုံးသည် အီရတ်ရှိ အမေရိကန်တပ်ဖွဲ့ဝင်များကို ဆန့်ကျင်တိုက်ခိုက်ရာတွင် အသုံးပြုလေ့ရှိသည့် ဗုံးဖြစ်ပြီး လူသေဆုံးမှုအများအပြားဖြစ်စေနိုင်သည့် ဗုံးလည်း ဖြစ်သည်။

၂၀၀၃ ခုနှစ် မတ်လအတွင်းက ဆက်ဒမ်ဟူစိန်အစိုးရ ပြုတ်ကျစေခဲ့သည့် အီရတ်စစ်ပွဲဖြစ်ပွားပြီးခဲ့သည့်နောက် အီရတ်တွင် သေဆုံးသည့် အမေရိကန်တပ်ဖွဲ့ဝင်ဦးရေသည် ၂၂၆၄ ဦးထက်မနည်း ရှိသွားပြီဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

ပေကျင်းမြို့၌ ပြတိုက်များတိုးချဲ့တည်ဆောက်မည်

ပေကျင်း ဖေဖော်ဝါရီ ၈

ပေကျင်းမြို့တော်၌ ပြတိုက်များကို တိုးချဲ့တည်ဆောက်လျက်ရှိကြောင်း ယဉ်ကျေးမှုအမွေအနှစ် ထိန်းသိမ်းရေးဗျူရို၏ ပြောကြားချက်ကို ဖေဖော်ဝါရီလ ၄ ရက်တွင် သတင်းတစ်ရပ်၌ ဖော်ပြသည်။

၂၀၀၅ ခုနှစ်တွင် တရုတ်နိုင်ငံမြို့တော်ပေကျင်း၌ ပြတိုက်များ ဖွံ့ဖြိုးတိုးတက်ရန်အတွက် လုပ်ဆောင်နိုင်ခဲ့ကြောင်း၊ ကမ္ဘာ့အဆင့်အတန်းမီ ပေကျင်းပြတိုက်နှင့် တရုတ်အမျိုးသားရုပ်ရှင်ပြတိုက်တို့ကိုလည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း သတင်းတွင် ဖော်ပြထားသည်။

ကျင်းပ

၂၀၀၅ခုနှစ်တွင် အထိမ်းအမှတ်ပြပွဲများ ကျင်းပရန်အတွက် ပြတိုက်များကို တိုးချဲ့ တည်ဆောက်ခြင်းဖြစ်သည်။ နန်းတော်ပြတိုက်တွင် ပြခန်းနှစ်ခန်းထပ်မံဖွင့်လှစ်ပြသထားပြီး နန်းတော်ပြတိုက်၏ နှစ် (၈၀)ပြည့် အခမ်းအနားကိုလည်း ကျင်းပခဲ့သည်။

ပေကျင်းမြို့၌ ပြတိုက်အဆောက်အအုံများ ထပ်မံဆောက်လုပ်ရန် အာဏာပိုင်များက သဘောတူခွင့်ပြုခဲ့ကြကြောင်း ယဉ်ကျေးမှုဗျူရိုက ပြောကြားသည်။ မကြာမီကာလတွင် တရုတ်အမျိုးသမီးများနှင့် ကလေးများပြတိုက်ကို တရုတ်အမျိုးသမီးများအဖွဲ့က တည်ဆောက်မည်ဖြစ်ပြီး၊ တရုတ်ပြည်ထဲရေးပြတိုက်ကိုလည်း ပြည်သူ့လုံခြုံရေးဝန်ကြီးဌာနက တည်ဆောက်မည်ဖြစ်သည်။

၁၉၅၀ပြည့်နှစ်များအတွင်း ကလည်း ပေကျင်းမြို့၌ ပြတိုက်များတည်ဆောက်မှု များပြားခဲ့သည်။ ထိုအချိန်က တရုတ်တော်လှန်ရေးပြတိုက်နှင့် တရုတ်သမိုင်းပြတိုက်တို့ကို တည်ဆောက်ခဲ့သည်။ အဆိုပါ အချိန်ကာလနောက်ပိုင်းမှ ပြီးခဲ့သောနှစ်အထိ ပြတိုက်တည်ဆောက်မှုများ မရှိခဲ့ပေ။

၂၀၀၅ ခုနှစ်မတိုင်မီ ပေကျင်းမြို့၌ စံချိန်စံညွှန်းမီ တည်ဆောက်ထားသော ပြတိုက်ပေါင်း ၁၂၉ ခုရှိသည်ဟု သိရှိရသည်။

အမ်အင်အေ၊ဆင်ဟွာ။



အီရတ်နိုင်ငံ ကာဇီမီယာအရပ်တွင် လုံခြုံရေးဆောင်ရွက်နေသော အပေါင်းပါ တပ်ဖွဲ့ဝင်များကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

အီရတ်တွင်သေဆုံးသော ကန်တပ်ဖွဲ့ဝင်ဦးရေ ဖေဖော်ဝါရီ ၈ ရက်အထိ ၂၂၆၄ ဦးရှိပြီ

ဘဂ္ဂဒက် ဖေဖော်ဝါရီ ၉

၂၀၀၃ခုနှစ် မတ်လက အီရတ်နိုင်ငံကို အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က ကျူးကျော်တိုက်ခိုက်ခဲ့ချိန်မှစ၍ ယခုနှစ် ဖေဖော်ဝါရီ ၈ရက်အထိ အီရတ်၌သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင်ဦးရေမှာ ၂၂၆၄ ဦး ရှိသွားပြီဖြစ်ကြောင်း အေပီသတင်းဌာန၏ စစ်တမ်းတွင် ဖော်ပြသည်။

အီရတ်တွင်သေဆုံးသော အမေရိကန်တပ်ဖွဲ့ဝင် ၁၇၇၂ ဦးမှာ ရန်လိုသော တိုက်ခိုက်မှုကြောင့် သေဆုံးခဲ့ခြင်းဖြစ်ကြောင်း စစ်တမ်းတွင် ဖော်ပြသည်။

အီရတ်တွင်သေဆုံးသော အခြားတပ်ဖွဲ့ဝင်များမှာ ဗြိတိန် ၉၈ဦး၊ အီတလီ ၂၇ဦး၊ ယူကရိန်း ၁၈ဦး၊ ပိုလန် ၁၇ဦး၊ ဘူလ်ဂေးရီးယား ၁၃ဦး၊ စပိန် ၁၁ဦး၊ ဆလိုဗက်ကီးယားသုံးဦး၊ ဒိန်းမတ်၊ အယ်လ်ဆာဗေဒို၊ အက်စတိုးနီးယား၊ ထိုင်းနှင့် နယ်သာလန် နှစ်ဦးစီ၊ ဟန်ဂေရီ၊ ကာဇက်စတန်နှင့် လတ်ဗီးယား တစ်ဦးစီဖြစ်ကြောင်း သိရသည်။

အင်တာနက်။

ကန်တပ်ဖွဲ့ ကင်းလှည့်ယာဉ် တိုက်ခိုက်ခံရ တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကြောင်း ကြေညာချက်၌ ဖော်ပြ

ကဘူး ဖေဖော်ဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံ အရှေ့ပိုင်း လက်ဂမန်ပြည်နယ်တွင် တနင်္လာနေ့က အမေရိကန်တပ်ဖွဲ့၏ ကင်းလှည့်ယာဉ်တစ်စီးကို တာလီဘန်ပြောက်ကျားများက တိုက်ခိုက်ခဲ့သဖြင့် အမေရိကန် တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ထုတ်ပြန်သည့်ကြေညာချက်တွင် ဖော်ပြထားသည်။

တာလီဘန် ပြောက်ကျားများက လက်ဂမန်ပြည်နယ် မာသာလမ်ဒေသတွင် အမေရိကန် လှည့်ကင်းယာဉ်ကို ပစ်ခတ်တိုက်ခိုက်ခဲ့ရာ အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသည်ဟု ကြေညာချက်အရ သိရှိရသည်။

လှည့်ကင်းယာဉ်က တာလီဘန်ပြောက်ကျားများကို လိုက်လံတိုက်ခိုက်ခဲ့ပြီး လေကြောင်းမှ တိုက်ခိုက်ရန် တပ်ဖွဲ့ဝင်များအား အကူအညီတောင်းခံခဲ့ကြောင်း၊ တာလီဘန်ပြောက်ကျားများ ယင်းဒေသမှ ထွက်ပြေးသွားခဲ့ကြောင်း၊ တိုက်ခိုက်မှုနှင့် ပတ်သက်၍ ပျက်စီးမှု သတင်းမရသေးကြောင်း ကြေညာချက် တွင် ပါရှိသည်။

အာဖဂန်နိုင်ငံ ခို့စ်ဒေသတွင် အာဖဂန်တပ်ဖွဲ့ဝင်နှင့် အမေရိကန်တပ်ဖွဲ့များသည် တာလီဘန်ပြောက်ကျားများနှင့် နယ်စပ်ဒေသ၌ တိုက်ခိုက်မှုဖြစ်ပွားရာ တစ်ဦးသေဆုံးပြီး တစ်ဦးဒဏ်ရာရရှိခဲ့သည်။ နယ်စပ်တပ်ဖွဲ့ဝင်နှစ်ဦးမှာလည်း ဒဏ်ရာရရှိခဲ့သည်။

အမ်အင်အေ၊ဆင်ဟွာ။

ကင်ညာ-ယူဂန္ဒာရေနံပိုက်လိုင်း ဩဂုတ်လ၌ စတင်တည်ဆောက်မည်

ကမ်ပါလာ ဖေဖော်ဝါရီ ၈

ကင်ညာ-ယူဂန္ဒာ ရေနံပိုက်လိုင်းတည်ဆောက်ရေးလုပ်ငန်းကို ဩဂုတ်လတွင် စတင်ဆောင်ရွက်ရန် စီစဉ်ထားကြောင်း ယူဂန္ဒာကုန်ထုတ်လုပ်သူများအသင်းဥက္ကဋ္ဌ အဘစ်အလမ်က အင်္ဂါနေ့တွင် ပြောကြားသည်။

ကင်ညာနိုင်ငံ အယ်လ်ဒိုရက်မြို့မှ ယူဂန္ဒာနိုင်ငံ ကမ်ပါလာမြို့ အနောက်ပိုင်းအထိ ကီလိုမီတာ ၃၄၀ ရှည်လျားသည့် ပိုက်လိုင်း တည်ဆောက်ရေးအတွက် အမေရိကန်ဒေါ်လာ သန်း ၁၁၀ နီးပါးကုန်ကျမည် ဖြစ်ကြောင်း အဘစ်အလမ်၏ ပြောကြားချက်ကို ကိုးကားလျက် ဒေသဆိုင်ရာ မီဒီယာများက အင်္ဂါနေ့တွင် ဖော်ပြသည်။

စီမံကိန်းအတွက် ပူးတွဲကော်မရှင်ကို ဖွဲ့စည်းပြီးဖြစ်ကြောင်း၊ လုပ်ငန်းလေလံဈေးနှုန်း အဆိုပြုလွှာများကို ၂၀၀၅ခုနှစ် အောက်တိုဘာလကုန်တွင် တင်သွင်းခဲ့ကြပြီးဖြစ်ကြောင်း အလမ်က ပြောကြားသည်။ ရေနံပိုက်လိုင်းတည်ဆောက်ရေးအတွက် ကုမ္ပဏီသုံးခုက လေလံဈေးနှုန်း အဆိုပြုလွှာများ တင်သွင်းလာကြသည်။

အမ်အင်အေ၊ဆင်ဟွာ။

နယ်စပ်ဖြတ်ကျော် မူးယစ်ဆေးဝါးသယ်ဆောင်မှု ဗီယက်နမ် ဖော်ထုတ်ဖမ်းဆီး

ဟနွိုင်း ဖေဖော်ဝါရီ ၈

ဗီယက်နမ်နိုင်ငံတွင်းသို့ နယ်စပ်မှတစ်ဆင့် ဘိန်းသယ်ဆောင်သည့် အမှုပေါင်း ခုနစ်မှုကို မကြာသေးမီက ဗီယက်နမ် နယ်စပ်အစောင့်များက ဖော်ထုတ်နိုင်ခဲ့ကြပြီး ထိုအမှုနှင့် ဆက်နွယ်သူ ၂၃ ဦးကိုလည်း ဖမ်းဆီးခဲ့သည်။

နှစ်သစ်ကူးပွဲတော် အချိန်ကာလဖြစ်သော ဇန်နဝါရီ ၂၇ ရက်မှ ဖေဖော်ဝါရီ ၂ ရက်အတွင်း အဆိုပါ အမှုခုနစ်မှုကို ရှာဖွေဖော်ထုတ် ဖမ်းဆီးခဲ့ခြင်းဖြစ်သည်။ သိမ်းဆည်းရရှိသော ပစ္စည်းများမှာ ဘိန်းဖြူ ၁ ဒသမ ၆ ကီလို၊ ဘိန်းစိမ်း ၁ ဒသမ ၅ ကီလို၊ မူးယစ်ဆေးပြား ၃၀၂၈ လုံး၊ ပေါက်ကွဲစေနိုင်သောပစ္စည်း သုည ဒသမ ၄ ကီလိုနှင့် လက်နက်ပစ္စည်းအချို့တို့ ပါဝင်သည်ဟု ဒေသဆိုင်ရာ အာမီသတင်းစာက ဖေဖော်ဝါရီ ၇ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

တွေ့ရှိ

အမှုများတွင် ဗီယက်နမ်နိုင်ငံ မြောက်ပိုင်း ဆွန်လာပြည်နယ်မှ နှစ်မှုနှင့် တောင်ပိုင်း ဗင်ဖော့ပြည်နယ်မှ နှစ်မှုဖြစ်သည်။ ဓာတ်ခွဲခန်းမှ ထုတ်လုပ်ထားသော ဆေးပြားများကို ကမ္ဘောဒီးယားနိုင်ငံမှ ဗီယက်နမ်နိုင်ငံသို့ သယ်ဆောင်စဉ် ဗင်ဖော့ပြည်နယ်ရှိ နယ်စပ်အစောင့်များ တွေ့ရှိခဲ့ခြင်းဖြစ်သည်။

ဗီယက်နမ်နိုင်ငံ၌ ၂၀၀၄ ခုနှစ်အစောပိုင်းကာလတွင် မူးယစ်ဆေးစွဲသူ စုစုပေါင်း ၁၆၉၀၀၀ နီးပါးရှိသည်။ ထိုမူးယစ်ဆေးစွဲသူများ၏ ၃၀ ဒသမ ၅ ရာခိုင်နှုန်းသည် မြောက်ပိုင်းတောင်ပေါ်ပြည်နယ် ၁၃ ခုမှ ဖြစ်သည်။

ပြစ်ဒဏ်ချမှတ်နိုင်

ဗီယက်နမ် မူးယစ်ဆေးဝါးဥပဒေအရ ဘိန်းဖြူ ၆၀၀ ဂရမ်ကျော်ကို လက်ဝယ် ကိုင်ဆောင်ထားသူသည် ဥပဒေအရ သေဒဏ် သို့မဟုတ် ထောင်ဒဏ် တစ်သက်ကျခံစေရန် ပြစ်ဒဏ်ချမှတ်နိုင်သည်။

အမ်အင်အေ၊ဆင်ဟွာ။

အိန္ဒိယနိုင်ငံတောင်ပိုင်းတွင် မီးလောင်မှုဖြစ်ပွား

နယူးဒေလီ ဖေဖော်ဝါရီ ၈

အိန္ဒိယနိုင်ငံ နယူးဒေလီမြို့တောင်ပိုင်း ဆင်းရဲသားရပ်ကွက်ရှိ တဲအိမ် ၁၀၀ ကျော် အင်္ဂါနေ့ နံနက်စောစောပိုင်းက မီးလောင်ကျွမ်းခဲ့ကြောင်း နယူးဒေလီ ရုပ်မြင်သံကြားအစီအစဉ်က ထုတ်လွှင့်သွားသည်။

မီးလောင်ကျွမ်းမှုကြောင့် သေဆုံးမှုမရှိပေ။ မီးသတ်ယာဉ်တစ်ဒါဇင်ကျော်က နှစ်နာရီကျော် မီးငြိမ်းသတ်ခဲ့ရသည်။

မီးလောင်ရာ၌ ပိတ်မိနေသူများကို မိမိတို့ကယ်တင်နိုင်ခဲ့ကြောင်း၊ မည်သူတစ်ဦးတစ်ယောက်မျှ ဒဏ်ရာမရရှိခဲ့ကြောင်း မီးသတ်အရာရှိက ပြောကြားသည်။

ယင်းဆင်းရဲသားရပ်ကွက်တွင် ယခုအကြိမ် မီးလောင်မှုသည် ၂၀၀၆ခုနှစ်အတွင်း ဒုတိယအကြိမ်ဖြစ်ကြောင်း၊ ယင်းအရပ်တွင် တဲအိမ် ၅၀၀ ကျော်ရှိကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။ ယင်းဒေသတွင် လျှပ်စစ်ခိုး၍ သွယ်ယူအသုံးပြုမှုကြောင့် ယင်းသို့ မီးလောင်ခဲ့ခြင်းဖြစ်သည်ဟု ရှာမာက ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ။

အာဖဂန်နစ္စတန်ရှိ ရဲတပ်ဖွဲ့ဌာနချုပ်အနီး ဗုံးပေါက်ကွဲမှုဖြစ်ပွား၍ လူ ၁၂ ဦး သေဆုံး

ကန်ဒါဟာ (အာဖဂန်နစ္စတန်) ဖေဖော်ဝါရီ ၈

အာဖဂန်နစ္စတန်နိုင်ငံ ကန်ဒါဟာဒေသရှိ ရဲဌာနချုပ်အနီးတွင် အင်္ဂါနေ့က ဗုံးဖောက်ခွဲမှု ဖြစ်ပွားရာ လူ ၁၂ ဦး သေဆုံးခဲ့ပြီး လူ ၁၄ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစိုးရဌာနမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

မော်တော်ဆိုင်ကယ်ပေါ်မှ ဖောက်ခွဲသူ တစ်ဦးက ဗုံးပေါက်ခွဲခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။ သို့ရာတွင် ယင်းသတင်းကို ပြည်ထဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူက အတည်ပြုခြင်း မရှိပေ။

ဗုံးဖောက်ခွဲမှုကြောင့် လူ ၁၂ ဦး သေဆုံးပြီး ၁၄ ဦး ဒဏ်ရာရရှိကြောင်း၊ ၎င်းတို့မှာ ရဲတပ်ဖွဲ့ဝင်များနှင့် အရပ်သားများဖြစ်ကြောင်း ပြည်ထဲရေးဌာနမှ ပြောရေးဆိုခွင့်ရှိသူ ယူဆွတ်စတင်နီဇေက ပြောကြားသည်။

ဒဏ်ရာရရှိသူအချို့၏ အခြေအနေသည် စိုးရိမ်ရသည့် အခြေအနေရှိသည်ဟု ဆိုသည်။ သေဆုံးသူ အများစုသည် ရဲတပ်ဖွဲ့ဝင်များဖြစ်သည်ဟု ကန်ဒါဟာဆေးရုံမှ ဆရာဝန်တစ်ဦးက ပြောကြားသည်။

ဖော်ပြပါ ရဲဌာနချုပ်အဆောက်အအုံ ရှေ့မျက်နှာစာရှိ မော်တော်ယာဉ်ရပ်နားရာနေရာ၌ ဗုံးပေါက်ကွဲခဲ့ခြင်းဖြစ်သည်။

အမ်အင်အေ၊ရိုက်တာ။

အာတိတ် အလာစကာဒေသရှိ ပိုလာ ဝက်ဝံဖြူတစ်ကောင်ကို ဖေဖော်ဝါရီ ၇ ရက်က တွေ့ရစဉ်။

(ဓာတ်ပုံ-အင်တာနက်)

ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး အဓွန့်ရှည်ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် အသက်တမျှ အရေးပါ မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ပြည့်မြောက်သည်အထိ အမျိုးသားရေးတာဝန် ကျေပွန်စွာထမ်းရွက်

● စာမျက်နှာ ၃ မှ

စိုက်ပျိုးဖြစ်ထွန်းသည့် လယ်ယာမြေများ၊ အဖိုးတန်သစ်များဖြင့် ပြည့်နှက်နေသည့် သစ်တောကြီးများ၊ ရေနံ၊ သဘာဝဓာတ်ငွေ့၊ သတ္တုမျိုးစုံနှင့် ကျောက်မျက်ရတနာများ၊ မြစ်ချောင်းအင်းအိုင်နှင့် ရေထွက်ပစ္စည်းများစသည့် သဘာဝသယံဇာတ အရင်းအမြစ်များ အလျှံပယ် ပေါကြွယ်ဝသည့် မြန်မာနိုင်ငံသည် သူတစ်လူငါတစ်မင်းဖြင့် စည်းလုံးညီညွတ်မှုနှင့် တည်ငြိမ်အေးချမ်းမှု မရှိခဲ့သည့်အတွက် အိမ်နီးချင်းနိုင်ငံများနှင့်ယှဉ်လျှင် ဖွံ့ဖြိုးမှုနောက်ကျသည့် နိုင်ငံတစ်နိုင်ငံအဖြစ်ကို ရောက်ရှိခဲ့ရကြောင်း။

တပ်မတော်အစိုးရ တိုင်းပြည်တာဝန်ယူခဲ့ရသည့်အချိန်တွင် ခေတ်အဆက်ဆက် မြန်မာနိုင်ငံ ဖြတ်သန်းခဲ့ရသည့် နိုင်ငံရေးအခြေအနေအရပ်ရပ်ကို အလေးအနက် သုံးသပ်ပြီး မြန်မာနိုင်ငံတော်သည် ပြည်ထောင်စုနိုင်ငံဖြစ်သည်နှင့်အညီ ပြည်ထောင်စုအတွင်း မှီတင်းနေထိုင်ကြသည့် တိုင်းရင်းသားများအကြား စည်းလုံးညီညွတ်မှု ခိုင်မြဲနေမှသာ ပြည်ထောင်စုကြီး ကမ္ဘာတည်သရွေ့တည်တံ့ပြီး အချုပ်အခြာအာဏာလည်း ရေရှည်ခိုင်မြဲမည်ဖြစ်သည့်အတွက် **"ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး"** ဆိုသည့် ပြည်ထောင်စုနိုင်ငံတော်နှင့် လိုက်လျောညီထွေရှိမည့် အမျိုးသားရေးမူဝါဒကို ချမှတ်ပြီး အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားပြန့်ပွားရေးတို့ကို စဉ်ဆက်မပြတ် အလေးပေးဆောင်ရွက်ခဲ့ကြောင်း။

ဖြန့်ကြက်လွှမ်းမိုး

နိုင်ငံတော်အစိုးရ၏ မှန်ကန်သည့်သဘောထား၊ တိုင်းရင်းသားများအပေါ်ထားရှိသည့် ဖြူစင်သည့်စေတနာ၊ ပီပြင်သည့်လုပ်ရပ်၊ တိုင်းရင်းသားအဖွဲ့အစည်းများ၏ ကြည်လင်သည့်အမြင်၊ ရိုးဖြောင့်သည့် ဦးတည်ချက်များ ပေါင်းစုံမိကြသည့်အခါတွင် လက်နက်ကိုင် တိုင်းရင်းသားအဖွဲ့အစည်း အများစုသည် ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြသည့်အတွက် နှစ် (၄၀) ကျော်ကြာ ပျောက်ကွယ်ဆုံးပါးနေခဲ့သည့် နိုင်ငံတည်ငြိမ်အေးချမ်းမှုသည် ပြန်လည်ဖြစ်ထွန်းပြီး နိုင်ငံတစ်ဝန်းလုံးကို ဖြန့်ကြက်လွှမ်းမိုးလာနိုင်ခဲ့ကြောင်း။

တိုင်းရင်းသား စည်းလုံးညီညွတ်ရေးသည် ပြည်ထောင်စုမပြိုကွဲရေးနှင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတို့အတွက် သော့ချက်ဖြစ်သည်နှင့်အညီ နိုင်ငံသားတိုင်းက တိုင်းရင်းသားစည်းလုံးညီညွတ်ရေး ခိုင်မြဲအောင် ဝိုင်းဝန်းကြိုးပမ်းကြရမှာဖြစ်သကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို ထိပါးမည့် လုပ်ရပ်များကို ဆန့်ကျင်တားဆီးရန် လိုမှာဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေနှင့် တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မြဲစေရန် တိုင်းရင်းသားအချင်းချင်း အနေနီးအောင်၊ ကူးလူးဆက်ဆံမှု များပြားအောင် လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများကို ဘဏ္ဍာငွေ အမြောက်အမြား အကုန်အကျခံ တည်ဆောက်ပေးနေကြောင်း၊ နိုင်ငံတော်၏ ပထဝီအနေအထားအရ ရေမြေခြားနားနေမှုများကို ကျော်လွှားပြီး ရေမြေမခြားဘဲ တစ်ဆက်တစ်စပ်တည်းဖြစ်ရအောင် ပြည်ထောင်စုအတွင်း နယ်စပ်ဒေသများပါမကျန် လမ်းတံတားများကို ကွန်ရက်သဖွယ် တည်ဆောက်ပေးနေခြင်းဖြစ်ကြောင်း။

အချိုးကျကျဖွံ့ဖြိုးအောင်

တိုင်းရင်းသားများအတွင်း တစ်ဦးအပေါ်တစ်ဦး အထင်အမြင်လွဲမှားမှုများ၊ သံသယစိတ်များကင်းစင်ပြီး တိုင်းရင်းသားစည်းလုံးညီညွတ်မှု ပိုမိုဖြစ်ထွန်းရန်အတွက် တိုင်းရင်းသားအားလုံး၏ လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်မှု ဆူကြဲနိမ့်မြင့် ကွာဟချက်နည်းနိုင်သမျှ နည်းအောင်၊ နိုင်ငံတော်၏ ဒေသအားလုံး အချိုးကျကျ ဖွံ့ဖြိုးတိုးတက်အောင် စီမံဆောင်ရွက်ပေးရန်လိုကြောင်း။

ထို့ကြောင့် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်အရ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း၊ ဖွံ့ဖြိုးရေး အထူးဒေသကြီး၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေးစီမံကိန်း ဆိုသည့် ဖွံ့ဖြိုးရေးစီမံကိန်းကြီး (၃)ရပ်ကို တစ်ပြိုင်တည်း အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေခြင်းဖြစ်ကြောင်း။

ယင်းစီမံကိန်းကြီးများသည် တိုင်းရင်းသားများအတွင်း လမ်းပန်းဆက်သွယ်ရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဘက်စုံထောင့်စုံကဏ္ဍစုံက အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ရန် ချမှတ်အကောင်အထည်ဖော်နေသည့် စီမံကိန်းကြီးများဖြစ်ပြီး နယ်စပ်ဒေသများအပါအဝင် အခြေခံအကျဆုံး ပြည်သူများဖြစ်သည့် ကျေးလက်နေ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးကို အကျိုးပြုတာနှင့်အမျှ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကိုပါ ဆောင်ကြဉ်းသွားမည့် စီမံကိန်းများဖြစ်ကြောင်း။

အထောက်အကူပြု

ယင်းစီမံကိန်းကြီးများ အကောင်အထည်ပေါ် ဖြစ်ထွန်းမှုနှင့်အတူ တစ်နိုင်ငံလုံး အချိုးကျကျ ဖွံ့ဖြိုးတိုးတက်လာခြင်းသည် တိုင်းရင်းသားစည်းလုံးညီညွတ်ရေးကို အပြန်အလှန်အားဖြင့် အထောက်အကူပြုသွားမှာ ဖြစ်ကြောင်း။

ယခုဆိုလျှင် ပြည်ထောင်စုကြီး အေးချမ်းသာယာဝပြောစွာနှင့် ကမ္ဘာတည်သရွေ့ တည်တံ့ခိုင်မြဲစေရေး၊ တစ်မျိုးသားလုံး လိုလားတောင့်တအပ်သည့် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ နိုင်ငံတော်ကြီး ဖြစ်ထွန်းလာရေးတို့အတွက် နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်ပြီး အကောင်အထည်ဖော် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း။

ယင်း နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်၏ ပထမဆုံးနှင့် အဓိကအကျဆုံးအဆင့်ဖြစ်သည့် အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကြီးကို အောင်အောင်မြင်မြင် ဆောင်ရွက်နေပြီဖြစ်ကြောင်း။

ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး ဥမကွဲသိုက်မပျက် အဓွန့်ရှည် တည်တံ့ခိုင်မြဲရေးသည် တိုင်းရင်းသားပြည်သူအားလုံးအတွက် အသက်တမျှ အရေးပါသည်ဆိုသည်ကို စွဲမြဲစွာ ယုံကြည်ခံယူကြပြီး အမျိုးသားညီလာခံကြီး အောင်မြင်ဖြစ်ထွန်းရေးကစ၍ နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အကောင်အထည်ပေါ် ပြည့်မြောက်သည်အထိ မိမိတို့ ကျရာအခန်းကဏ္ဍက အမျိုးသားရေးတာဝန် ကျေပွန်စွာ ပါဝင်ထမ်းရွက်သွားကြပါဟု တိုက်တွန်းလိုကြောင်း။

ယခုကဲ့သို့ တိုင်းရင်းသားစည်းလုံးညီညွတ်မှု ခိုင်မာတောင့်တင်းနေချိန်၊ နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ဖွံ့ဖြိုးရေးစီမံကိန်းကြီးများကို နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားပြည်သူများ တစ်စိတ်တစ်ဝမ်းတည်း လက်တွဲညီညီ အားသွန်ခွန်စိုက် အကောင်အထည်ဖော်လျက်ရှိနေချိန်၊ နိုင်ငံတော်နှင့် တိုင်းရင်းသားအားလုံးအတွက် အသက်တမျှ အရေးကြီးသည့် အမျိုးသားညီလာခံကြီး အရှိန်အဟုန်ဖြင့် ကျင်းပနေချိန်တွင် ကိုလိုနီနယ်ချဲ့ လက်သစ်နိုင်ငံကြီးအချို့က အမျိုးသားသစ္စာဖောက် ပုဆိန်ရိုးတစ်စုကို အသုံးချပြီး တိုင်းရင်းသားပြည်သူများအတွင်း စည်းလုံးညီညွတ်မှု ပြိုကွဲအောင်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှု နှေးကွေးအောင်၊အမျိုးသားညီလာခံကြီးပျက်ပြားအောင် ဟန့်တားနှောင့်ယှက်မှုများ နည်းမျိုးစုံသုံးပြီး ဆောင်ရွက်နေကြသည့်အတွက် ယင်းအန္တရာယ်များကို အမျိုးသားရေးသတိဖြင့် ကာကွယ်သွားကြရန်လိုမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့်ပြောကြားလိုသည်မှာ—

– **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
– **တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ် ရှင်သန်ထွန်းကားရေး၊**
– **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
– **နိုင်ငံတော်တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်း ပြည်ပ အဖျက်သမားများ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
– **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး**

ဆိုသည့် ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို အလေးအနက်ခံယူကြပြီး ပြည်ထောင်စုကြီး၏ အကျိုးစီးပွားကို ဆတက်ထမ်းပိုး ကြိုးပမ်းဆောင်ရွက်သွားကြပါဟု တိုက်တွန်းမှာကြားရင်း နိဂုံးချုပ်လိုက်ပါကြောင်းဖြင့် ပြောကြားသည်။

ရင်းရင်းနှီးနှီးနှုတ်ဆက်

ယင်းနောက် အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီးသိန်းစိန်သည် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရန်ကုန်တိုင်း ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက် မြို့ပတ်လမ်းနေ **ကွယ်လွန်သူဖခင် ဦးမြင့်စန်း၊ မိခင် ဒေါ်ခင်သန်းမြင့်နှင့် အစ်ကို ကိုသောင်းဦးတို့အား ရည်စူး၍ ကျန်ရစ်သူသားသမီး၊ မြေးမိသားစုတို့က ပုဇွန်တောင်မြို့နယ် မဟာညောင်ကုန်းကျောင်းတိုက် မဟာစည်သြဝါဒခံ လယ်တီစံသာသနာ့ရိပ်သာတွင် တည်ဆောက်လျက်ရှိသော သုံးထပ် မဂ္ဂင်ကျောင်းတော်ကြီးအတွက် လှူဒါန်းငွေ ကျပ်ခုနစ်သိန်းကို လယ်တီစံရိပ်သာ အကျိုးတော်ဆောင် ဥက္ကဋ္ဌ ဗိုလ်မှူးကျော်မြင့်(ငြိမ်း)ထံ ပေးအပ်လှူဒါန်းစဉ်။** (ကြေးမုံ)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ **ကျေးဇူးရှင် မင်းကွန်းဆရာတော်ကြီး နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ချုပ်၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မ ဇောတိက၊ တိပိဋကဓရ၊ ဓမ္မဘဏ္ဍာဂါရိက ဆရာတော် ဘဒ္ဒန္တ ဝိစိတ္တသာရာဘိဝံသ၏ ပရိတ်တရားတော်**
၇:၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
၇:၃၀ ၃။ နံနက်ခင်းသတင်း
၇:၄၀ ၄။ သံသာချိုအေးမင်္ဂလာတေး
၇:၅၀ ၅။ ရိုးရာကျေးလက်ကစားနည်း
၈:၀၀ ၆။ အတီးပြိုင်ပွဲ
၈:၀၅ ၇။ ကြေးမုံရိပ်သွင်တေးနှယ်ဥ
၈:၁၅ ၈။ အကပြိုင်ပွဲ
၈:၂၀ ၉။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၈:၃၀ ၁၀။ International News.
၈:၄၅ ၁၁။ English for Everyday Use
၉:၀၀ ၁၂။ အစီအစဉ်ပြီး၏။

ညပိုင်း

၄:၀၀ ၁။ စစ်ချီတေး၊စစ်သည်တေး
၄:၁၅ ၂။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၄:၃၀ ၃။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ –ဒုတိယနှစ် (ရူပဗေဒအထူးပြု) (ရူပဗေဒ)
၄:၄၅ ၄။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၄:၅၅ ၅။ နှောင်းခေတ်တေးပဒေသာ
၅:၀၀ ၆။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၅:၂၀ ၇။ **"မြူတိမ်ကင်းသောနေ့" (ထွန်းထွန်းဝင်း၊မင်းထက်ကျော်ဇင် စိုးမိုးကြည်၊ ပုလဲဝင်း) (ဒါရိုက်တာ–သိန်းဟန်–ဖီးနစ်)**
၅:၃၀ ၈။ သုတစုံလင် ရွှေဉာဏ်ရှင်
၆:၀၀ ၉။ ညနေခင်းသတင်း
၆:၃၀ ၁၀။ မိုးလေဝသအခြေအနေ
၆:၃၅ ၁၁။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ရောင်စဉ်မေတ္တာ" (အပိုင်း–၄)**
၇:၂၅ ၁၂။ (၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ဂုဏ်ပြုအစီအစဉ်
၇:၃၅ ၁၃။ ပြည်ထောင်စုစိတ်ဓာတ် မပြတ်ရှင်သန်ခိုင်မာရန်မှာ ဒို့ဝန်တာ (အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု)
၇:၄၀ ၁၄။ လောင်စာစွမ်းအင် အသုံးဝင် ခြံစည်းရိုးကြက်ဆူပင် (ကြက်ဆူရိုင်းမှ ဘိုင်အိုဒီဇယ်)
၈:၀၀ ၁၅။ ပြည်တွင်းသတင်း
၁၆။ နိုင်ငံတကာသတင်းများ
၁၇။ မိုးလေဝသအခြေအနေ
၁၈။ **နိုင်ငံခြားဇာတ်လမ်းတွဲ "နှင်းဆီအိပ်မက်" (အပိုင်း–၆)**
၁၉။ နောက်တစ်နေ့အစီအစဉ်
၂၀။ အစီအစဉ်ပြီး၏။

မလွန်ဆန်လှူ အထူးဓမ္မပူဇာသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရွှေပြည်သာမြို့နယ် မလွန်ဆန်လှူအသင်းထောက်အဖွဲ့၏ (၁၃)ကြိမ်မြောက် မလွန်ဆန်လှူ အကြိုရေစက်ချ အထူးဓမ္မပူဇာသဘင်ကို ရွှေပြည်သာမြို့နယ် (ထ/၁၆)ရပ်ကွက် မြို့ပတ်လမ်းရှိ မဏ္ဍပ်ကြီးတွင် ကျင်းပမည်ဖြစ်ရာ ဖေဖော်ဝါရီ ၁၃ ရက်တွင် အရှင်ဝိသိဋ္ဌညာဏ (ကစင်ဆရာတော်)၊ ဖေဖော်ဝါရီ ၁၄ ရက်တွင် ရွှေပြည်ဟိန်းဆရာတော် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့်)၊ ဖေဖော်ဝါရီ ၁၅ ရက်တွင် သီတဂူဆရာတော် အရှင်ဉာဏိဿရ အရှင်သူမြတ်တို့က ညစဉ် ၇ နာရီမှ စတင်၍ တရားတော်များ ဟောကြားချီးမြှင့်တော်မူမည်ဖြစ်သည်။ (က-ပ)

မကွေးခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကြည်ထွန်း၊ တောင်တွင်းကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်ဦးနှင့် ခင်တဲကျေးရွာသူ၊ ကျေးရွာသားများ ဇန်နဝါရီ ၁၅ ရက်က ကြက်ဆူပင်များ စုပေါင်းပျိုးထောင်စဉ်။ (က-ပ)

စိန်ရတုပွဲနှင့် ဓမ္မသဘင်ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဗဟိုလမ်း ရှမ်းလမ်းဓမ္မာရုံကြီး (၇၅)နှစ်မြောက် စိန်ရတုပွဲနှင့် ဓမ္မသဘင်ပွဲတွင် ဖေဖော်ဝါရီ ၁၉ ရက် ညနေ ၆နာရီတွင် ဆရာတော် အရှင်ကောသလ္လ(ဓမ္မစေတီ)နှင့် ည ၈ နာရီတွင် အရှင်ခေမာသီရိလင်္ကာရ (သီတဂူကြာတစ်ပွင့် ရွှေပြည်ဟိန်းဆရာတော်)၊ ၂၀ ရက် ည ၇ နာရီတွင် အရှင်ကောဝိဒ (မန္တလေးမဂုဏ်ရည်)၊ ၂၁ ရက် ည ၇ နာရီတွင် အရှင်ဇဝန (မေတ္တာရှင်)၊ ၂၂ ရက် ည ၇ နာရီတွင် ဘဒ္ဒန္တ သုစိတ္တ (သာသနဓဇ ဓမ္မာစရိယ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ၊ စမ်းချောင်းမြို့နယ် နေနတ်သား စာသင်တိုက်) တိုက်အုပ်ဆရာတော်၊ ၂၃ ရက် ည ၇ နာရီတွင် အရှင်ရေဝတ (ကြာနီကန်ဆရာတော်)တို့က တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က-ပ)

ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း ဒဂုံမြို့နယ် အလံပြဘုရားလမ်း လူကူးခုံးကျော်တံတားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

အလံပြဘုရားလမ်း လူကူးခုံးကျော်တံတား ဖွင့်ပွဲကျင်းပ တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း တက်ရောက်၍ ဖွင့်လှစ်ပေး

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် ရန်ကုန်မြို့ အလံပြဘုရားလမ်းရှိ လူကူးခုံးကျော်တံတားဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီခွဲတွင် ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းဝင်း၌ ကျင်းပရာ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်လှဋ္ဌေးဝင်း၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဗိုလ်မှူးချုပ်အောင်မျိုးမင်း၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကောင်မတီ အတွင်းရေးမှူး ဦးတင်စိုး၊ ပညာရေးဝန်ကြီးဌာန အမှတ်(၃)အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ရန်ကုန်အနောက်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးကျော်တင့်၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ကျောင်းအုပ်ဆရာကြီးနှင့် ဆရာ ဆရာမများ၊ ကျောင်းသားကျောင်းသူများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ အမှတ်(၃) အခြေခံပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြူ၊ ဒဂုံမြို့နယ် အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဥက္ကဋ္ဌ ဦးလှတင့်နှင့် အလှူရှင်များကိုယ်စား အလှူရှင် ရုပ်ရှင်သရုပ်ဆောင် မင်းအုပ်စိုးတို့က လူကူးခုံးကျော်တံတားကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ် လှဋ္ဌေးဝင်းက လူကူးခုံးကျော်တံတားကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ယင်းနောက် တိုင်းမှူး၊ မြို့တော်ဝန်၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်များသည် လူကူးခုံးကျော်တံတားကို ဖြတ်သန်းကြည့်ရှုကြပြီး အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးကြသည်။ ယင်းလူကူးခုံးကျော်တံတားသည် အရှည် ၅၂ပေ၊ အကျယ်ခြောက်ပေနှင့် ယာဉ်လမ်းကင်းလွတ်အမြင့် ၁၈ပေရှိသည့် သံပေါင်တံတား အမျိုးအစားဖြစ်သည်။ ယခုကဲ့သို့ လူကူးခုံးကျော်တံတား တည်ဆောက် ဖွင့်လှစ်ခဲ့ခြင်းကြောင့် ကျောင်းတက်ကျောင်းဆင်းချိန်များတွင် အလံပြဘုရားလမ်းတစ်လျှောက်၌ မော်တော်ယာဉ်များ ပိတ်ဆို့မှုမှ ကင်းဝေးမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းစွာဖြင့် တံတားပေါ်မှတစ်ဆင့် ကျောင်းသို့ သွားလာနိုင်မည်ဖြစ်သည်။

(သတင်းစဉ်)

ဒဂုံမြို့နယ် အလံပြဘုရားလမ်း လူကူးခုံးကျော်တံတားကိုတွေ့ရစဉ်။
(သတင်းစဉ်)

ရန်ကုန်မြောက်ပိုင်းခရိုင် တိုက်ကြီးမြို့နယ် ဂျိုးဖြူအားကစားကွင်းတွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ၊ ပြခန်းများနှင့် အရောင်းဆိုင်များ ဖွင့်ပွဲအခမ်းအနားကို ဖေဖော်ဝါရီ ၈ရက်က ကျင်းပရာ တိုက်ကြီးတပ်နယ်မှူး ဗိုလ်မှူးကြီးဝင်းမောင်၊ ခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမြတ်မင်းနှင့် တိုက်ကြီးမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြတ်ကျော်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (ပြန်/ဆက်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၀၆ (သောကြာနေ့)

၇း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅	မြောက်ဦးခေတ်နှင့် ရှစ်သောင်းပုထိုးတော်ကြီး
၇း၁၅	တေးဂီတအစီအစဉ်
၇း၂၀	နိုင်ငံတကာသတင်းအကျဉ်း
၇း၂၅	ပြည်သူ့အတွက်ကျန်းမာရေး (အရိုးကျီးပေါင်းတက်ရောဂါ မေးမြန်းခန်း)
၇း၃၅	တေးဂီတအစီအစဉ်
၇း၄၀	Myanmar Video Rhythm
၈း၂၀	ပြည်တွင်းသတင်းအကျဉ်း
၈း၃၀	တေးဂီတအစီအစဉ်
၈း၃၅	သစ်သီးဝလံပေါပြည့်ဝေဆာတို့မြေမှာ (ကျွဲကောသီး)
၈း၄၅	တေးဂီတအစီအစဉ်
၈း၅၀	ကျန်းမာရွှင်မြူးအစဉ်ရေကူး
၉း၀၅	မိုးလေဝသခန့်မှန်းချက်
၉း၁၀	ကယားရိုးရာဝတ်စားဆင်ယင်မှု
၉း၁၅	သွားသွားလာလာကိုပါရာ (ရွှေနန်းတော်သို့ သွားရောက်လေ့လာခြင်း)
၉း၃၀	နိုင်ငံတကာသတင်းအကျဉ်း
၉း၃၅	သွင်းကုန်အစားထိုး စံချိန်မီမော်တာပန်ကာကြိုး
၉း၅၀	တေးဂီတအစီအစဉ်
၉း၅၅	အိမ်ထောင်စုလူဦးရေစာရင်းနှင့်ပတ်သက်၍ သိကောင်းစရာ
၁၀း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀	ကြယ်ပွင့်များရဲ့ဒိုင်ယာရီ (ရုပ်သံဂျာနယ်မှတ်တမ်း)
၁၁း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀	အိမ်သုံးဆေးဝါးအလေးထားစက်မှုစွမ်းအား
၁၁း၃၀	တေးဂီတအစီအစဉ်
၁၁း၃၅	မဟူရာရေလှောင်တမံ
၁၁း၄၅	တေးဂီတအစီအစဉ်
၁၁း၅၀	Say It In English
၁၂း၀၀	MRTV-4 အပိတ် Logo

အထက်ပါ(၅)နာရီစာအစီအစဉ်များကို ည(၂၃း၀၀)နာရီအထိ(၃)ကြိမ်ဆက်တိုက် ထုတ်လွှင့်သွားမည်ဖြစ်ပါသည်။

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁၀-၂-၂၀၀၆ (သောကြာနေ့)

နံနက်ပိုင်း

၇း၀၀	၁။ မြဝတီအဖွင့်
၇း၀၅	၂။ အဖွင့်သီချင်း
၇း၁၀	၃။ မျိုးချစ်တပ်မတော်
၇း၂၀	၄။ မြန်မာပြည်တစ်ဝန်းရောင်စုံမှတ်တမ်း
၇း၃၀	၅။ မြန်မာသံစဉ်ချိုနားဝင်
၇း၄၀	၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၅	၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၀၀	၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀	၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈း၁၅	၁၀။ အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၁။ ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။ မြဝတီအဖွင့်
၄း၀၅	၂။ အဖွင့်သီချင်း
၄း၁၀	၃။ လက်စွမ်းပြဟန်ဂီတသံ
၄း၂၀	၄။ ရင်ခုန်စီးဆင်းအချစ်သီချင်း
၄း၃၀	၅။ နားဝင်ငြိမ့်စီးသီချင်းကြီး
၄း၄၀	၆။ မျိုးချစ်တပ်မတော်
၄း၅၀	၇။ အလွမ်းတေးပန်းချီချစ်သူဆီ
၅း၄၅	၈။ သာယာသီကြွေးခေတ်ဆန်းတေး
၆း၀၀	၉။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀	၁၀။ နိုင်ငံတကာသတင်း
၆း၂၀	၁၁။ မိုးလေဝသသတင်း
၆း၃၀	၁၂။ **ကာတွန်းအစီအစဉ် "ပါကျဲ" (အပိုင်း-၁၁)**
၆း၄၀	၁၃။ လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၄။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "နန်းတွင်းရတနာ" (အပိုင်း-၉)**
၈း၀၀	၁၅။ မြဝတီရုပ်မြင်သံကြားသတင်း
	၁၆။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
	၁၇။ စိုက်ပျိုးသုတ
	၁၈။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
	၁၉။ **ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "တရားစီရင်ထုံး" (အပိုင်း-၁၀)**
	၂၀။ သင့်အတွက်မနက်ဖြန်
	၂၁။ အပိတ်နှုတ်ဆက်စကား
	၂၂။ ပြီးပါပြီ။

ပြည့်စုံအေး မဟာသိမ်တော်ကြီး ဆောက်လုပ်ရန်ငွေလှူ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း မြောက်ဥက္ကလာပမြို့နယ် (ည)ရပ်ကွက် သုနန္ဒာလမ်း မဟာစည်သြဝါဒခံ ဆောက်လုပ်ဆဲ ပြည့်စုံအေး မဟာသိမ်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို အဆိုပါ ရိပ်သာ၌ ကျင်းပရာ ရိပ်သာပဓာနနာယက ကမ္မဋ္ဌာနာစရိယ တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတထံ ရန်ကုန်မြို့ ၉၃လမ်းနေ ဒေါ်ခင်ရီ(သမီး)ဦးသောင်းဝင်း-ဒေါ်မို့မို့သန်း မိသားစုက ငွေကျပ် ၁၀ သိန်းနှင့် ဦးဝင်းထိုက် - ဒေါ်စိုးစိုးမိသားစု ဘုရင့်နောင်တာဝါ ကမာရွတ်၊ ဆေးဘက်ပညာရှင်ပါမောက္ခဒေါက်တာဌေးဆောင်-ဒေါ်ဆယ်လီဖွား ရတနာကျွန်း မြောက်ဥက္ကလာပ၊ ဦးကျော်ကျော် ဝင်း-ဒေါ်ကေသီမိသားစု ရွှေဟသာ်လမ်း တောင်ငူမြို့၊ ဦးခင်မောင်လတ်-ဒေါ်မမကြီးတို့အားရည်စူး၍ ဦးကျော်ရွှေ-ဒေါ်စန်းစန်းလတ် မိသားစု ရွှေထီးအိမ်ရာ သမိုင်း၊ ဦးခင်မောင်လတ်-ဒေါ်မမကြီးနှင့် ဦးစိုးမြင့်တို့အား ရည်စူး၍ ဒေါ်ခင်ဝင်းမိသားစု အောင်ဇေယျာလမ်း၊တောင်ဒဂုံတို့ကငွေကျပ်တစ်သိန်းစီ ပေးအပ်လှူဒါန်းကြသည်။ လှူဒါန်းလိုသူများသည် အဆိုပါ ရိပ်သာပဓာနနာယက ဖုန်း-၀၁-၆၉၀၀၃၅ ထံ ဆက်သွယ်လှူဒါန်းနိုင်သည်။

(က-ပ)

တိမ်အသင့်အတင့်

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အကြို ဂုဏ်ပြုဆောင်းပါး

ပြည်ထောင်စုနေ့ ဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြပါစို့

အသီးတစ်ရာ အညှာတစ်ခု ဒို့ပြည်ထောင်စု

အထက်မင်းလှ ညွန့်အောင်

ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော်တို့သည် ရှေးပဝေသဏီကတည်းက ချစ်ချစ်ခင်ခင် စည်းစည်းလုံးလုံး အတူတကွ အခြေချနေထိုင်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦး အေးအတူပူအမျှ ပူးပေါင်းနေထိုင်ခဲ့သည့် ခိုင်မြဲသောအစဉ်အလာကောင်းရှိပြီးဖြစ်သည်။ နိုင်ငံတော်၏ သမိုင်းကြောင်းတွင် တိုင်းရင်းသားလူမျိုးအချင်းချင်း ဉမကွဲသိုက်မပျက် အပြန်အလှန် စာနာနားလည်မှု၊ တွယ်တာမှုများဖြင့် ချစ်ကြည်စွာနေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ် အရင်းခံရှင်သန်မှုများရှိသည်။

နိုင်ငံတော်အတွင်း တိုင်းရင်းသားများသည် လူမျိုးတစ်မျိုးစီ၊ နေရာ ဒေသတစ်ခုစီ၌ သီးခြားနေထိုင်ကြသည်မဟုတ်ဘဲ တိုင်းရင်းသားလူမျိုးများအားလုံးသည် နယ်မြေဒေသတိုင်း၌ ရှေးပဝေသဏီကပင် အတူတကွ ပေါင်းစုနေထိုင်လာခဲ့ကြခြင်းဖြစ်သည်။ ထို့ကြောင့် မိမိတို့ တိုင်းရင်းသားလူမျိုးများသည် ပင်ကိုအားဖြင့် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင် စည်းစည်း လုံးလုံး စိတ်ဝမ်းမကွဲဘဲ ရှိနေကြသော လူမျိုးများဖြစ်သည်။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဆိုသည်မှာ ပြည်ထောင်စု၏ မည်သည့်နေရာတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရေးပင်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် သာလျှင် တိုင်းရင်းသားအားလုံး ထိန်းသိမ်းစောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ်သည် ဒို့တာဝန်အရေးသုံးပါး၏ အခြေခံလည်း ဖြစ်သည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့် လူမျိုး၊ မည်သည့်အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေးစိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စု မပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး တည်းဟူသော ဒို့တာဝန် အရေးသုံးပါးမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများ အားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ၊ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင် ဖြစ်သည်။

တိုင်းရင်းသားပြည်သူများသည် ပင်ကိုအားဖြင့် တည်ရှိပြီးဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် အခြေခံကောင်းများကို ပိုမိုတောင့်တင်းခိုင်ခံ့အောင်၊ ပိုမိုခိုင်မြဲအောင် တည်ဆောက်ပေးကြရမည် ဖြစ်သည်။ ပြည်ထောင်စုစိတ်ဓာတ် တောင့်တင်းခိုင်မာမှသာ မိမိတို့ပြည်ထောင်စုကြီး၏ နယ်နိမိတ်သည် အမြဲတမ်းတည်တံ့ပြီး ပြည်ထောင်စု မြန်မာနိုင်ငံတော်ကြီးသည်လည်း အစဉ်ထာဝရ တည်မြဲနေမည် ဖြစ်သည်။

ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲနေစေရန် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေးသည် ပဓာနကျပေသည်။ ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားပြန့်ပွားရေး ဆောင်ရွက်ရာတွင် အတွေးအခေါ် အယူအဆပိုင်း သက်သက်၊ သဘောတရားရေးသက်သက်ဖြင့် တည်ဆောက်၍မရနိုင်ဘဲ လက်တွေ့ပိုင်းဖြင့် ပေါင်းစပ်ပေးနိုင်ရန်လည်း လိုအပ်ပေသည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက ပြည်ထောင်စုကြီးတစ်ရပ်လုံး မျှတစွာ ဖွံ့ဖြိုးတိုးတက်လာစေရအောင် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးစီမံကိန်း၊ ဖွံ့ဖြိုးရေးအထူးဒေသကြီး ၂၄ခု စီမံကိန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဟူသော ဖွံ့ဖြိုးရေးစီမံကိန်းသုံးရပ်ကို တစ်ပြိုင်နက်တည်း ပေါင်းစည်းဆက်စပ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိသည်။

နိုင်ငံတော် တည်ဆောက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်များ ပြုစုပျိုးထောင် မွေးထုတ်ပေးရေးသည် အဓိကအခန်းကဏ္ဍက ပါဝင်ပေသည်။ ထို့ကြောင့် ဖွံ့ဖြိုးရေးအထူးဒေသကြီးများသတ်မှတ်ပြီး နယ်မြေဒေသတိုင်းတွင် နိုင်ငံသားတိုင်း အဆင့်မြင့်ပညာသင်ယူခွင့် ရရှိစေရန် စီမံဆောင်ရွက်ပေးနေခြင်းဖြစ်သည်။

ယခုအခါ အဆင့်မြင့်ပညာသင်ယူနိုင်မှု အခွင့်အလမ်းများကို နယ်မြေဒေသအနှံ့ အပြည့်အဝ ဖြန့်ကြက်ထူထောင်ပေးထားပြီးဖြစ်သဖြင့် ဒေသအလိုက် လိုအပ်သည့် ဖွံ့ဖြိုးရေးဆိုင်ရာ အဆောက်အအုံများကို ဒေသကမွေးထုတ်လိုက်သည့် အသိပညာရှင်၊ အတတ်ပညာရှင်များ၏ စွမ်းအားဖြင့် တည်ဆောက်နိုင်နေပြီဖြစ်သည်။ ဒေသတိုင်းတွင် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးပြီး မိမိဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက်သာမက ပြည်ထောင်စုကြီး ဖွံ့ဖြိုးတိုးတက်ရေးအတွက်ပါ ပါဝင်တည်ဆောက် နိုင်စေရအောင်ဆိုသည့် ရည်ရွယ်ချက်ဖြင့် စီမံဆောင်ရွက်ပေးနေခြင်း ဖြစ်သည်။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှု မျှတလာသည်နှင့်အမျှ ပြည်ထောင်စုကြီး၏ နယ်မြေဒေသများ အားလုံးသည်လည်း ညီညွတ်မျှတစွာ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ဒေသတိုင်းတွင် စီးပွားရေးအခြေခံများ တိုးတက်ဖြစ်ထွန်းလာအောင် စီမံဆောင်ရွက်ပေးလျက်ရှိသည်။ စီးပွားရေး တိုးတက်ခိုင်မာရေးအတွက် ဆည်မြောင်းတာတမံကြီးများ၊ လမ်းမကြီးများ၊ တံတားကြီးများကို တည်ဆောက်ပေးလျက်ရှိသည်။

တည်ဆောက်ပေးပြီးဖြစ်သော ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး အခြေခံကောင်းများ၏ ကျေးဇူးကြောင့် လူ့စွမ်းအားအရင်းအမြစ်များဖွံ့ဖြိုး တိုးတက်လာသည်နှင့်အမျှ စက်မှုဖွံ့ဖြိုးရေးနှင့် ကျန်လိုအပ်ချက်များအပိုင်းမှာလည်း ပြည့်စုံလာမည်ဆိုသည့် ရည်မှန်းချက်ဖြင့် အရှိန်အဟုန်မပျက် ဆောင်ရွက်ပေးလျက်ရှိသည်။

ယင်းအခြေခံကောင်းများ တိုးတက်ဖြစ်ထွန်းမှုနှင့် ပြည်ထောင်စုစိတ်ဓာတ် ထွန်းကားခိုင်မြဲမှုတို့ ပေါင်းစပ်ပေးနိုင်သည်နှင့်အမျှ ပြည်ထောင်စုကြီး အစဉ်ထာဝရ တည်တံ့ခိုင်မြဲမည်ဆိုသည့် သဘောထား ခံယူချက်ဖြင့် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးက ဝိုင်းဝန်းပါဝင် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက် လာရေးအတွက် နိုင်ငံရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ်ကို ချမှတ်အကောင်အထည်ဖော် တည်ဆောက်လျက်ရှိသည်။

အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပထမဆုံး အခြေခံလိုအပ်ချက်မှာ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး ဖြစ်ထွန်းနေရန်ဖြစ်သည်။ ဒုတိယ အခြေခံလိုအပ်ချက်မှာ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းရန်ဖြစ်သည်။ တတိယအခြေခံလိုအပ်ချက်မှာ နိုင်ငံတော်၏ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူများ၏ ပညာရည်မြင့်မားရေးပင် ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်နှင့် အညီ အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် အခြေခံလိုအပ်ချက်သုံးရပ်ကို နိုင်ငံတော်၊ ပြည်သူနှင့်တပ်မတော်တို့ လက်တွဲကြိုးပမ်းတည်ဆောက်မှုကြောင့် နိုင်ငံတစ်ဝန်း ဖွံ့ဖြိုးတိုးတက်မှု အသီးအပွင့်ရလဒ်များကို ထင်ရှားစွာ တွေ့မြင်နေကြရပြီဖြစ်သည်။

နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့ လက်တွဲကြိုးပမ်းတည်ဆောက်ထားသည့် နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုများကို မနာလိုမရှုဆိတ်ကြသည့် ပြည်တွင်းပြည်ပ အဖျက်သမားများက အစဉ်အမြဲ ထိပါးနှောင့်ယှက် ဖျက်ဆီးနေကြသည်။ ထိုအဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ စည်းလုံးညီညွတ်မှုစွမ်းအားဖြင့် ကာကွယ်တားဆီးသွားကြရမည် ဖြစ်သည်။

သို့ဖြစ်ရာ တိုင်းရင်းသားပြည်သူတို့၏ အမျိုးသားရေးရည်မှန်းချက်ပန်းတိုင်ဖြစ်သော အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံတော် ဖြစ်ထွန်းပေါ်ပေါက်ရေး၊ ပြည်ထောင်စုကြီး အစဉ်ထာဝရ အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များကို တိုင်းရင်းသားပြည်သူ တစ်ရပ်လုံးက အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

၂၀၀၆ခုနှစ် ဖေဖော်ဝါရီလ ၁၂ရက်နေ့၌ ကျရောက်မည့် (၅၉)နှစ် မြောက် ပြည်ထောင်စုနေ့အခမ်းအနားများကို နိုင်ငံတော်တစ်ဝန်းတွင် ခမ်းနားထည်ဝါစွာ ကျင်းပနိုင်ရေးအတွက်–

- **ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စုတိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး၊**
- **တိုင်းရင်းသား ပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး၊**
- **ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး၊**
- **နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏ အန္တရာယ်ကို တိုင်းရင်းသား စည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး၊**
- **နိုင်ငံတော်ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည် ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး–**

ဟူသော အမျိုးသားရေး ဦးတည်ချက်များ ချမှတ်ထားပေသည်။

ပြည်ထောင်စုစိတ်ဓာတ်ဆိုသည်မှာ မည်သည့်အဖွဲ့အစည်း၊ မည်သည့်လူမျိုး၊ မည်သည့် အယူဝါဒကိုမျှ အခြေခံသည့် စိတ်ဓာတ်မဟုတ်ဘဲ တစ်မျိုးသားလုံးနှင့် သက်ဆိုင်သည့် အမျိုးသားရေး စိတ်ဓာတ်ပင် ဖြစ်သည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးမှာလည်း ပြည်ထောင်စုဖွား တိုင်းရင်းသားလူမျိုးများအားလုံးနှင့် သက်ဆိုင်သည့် နိုင်ငံသူ နိုင်ငံသားတိုင်း ထမ်းရွက်ရမည့် အမျိုးသားရေးတာဝန်များပင် ဖြစ်သည်။

ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများ

အမျိုးအမည်	၁၉၈၈	၂၀၀၆	တိုးတက်မှု
စိုက်ပျိုး/မွေးမြူရေး			
–စိုက်ပျိုးမြေဧက	၆၆၆၁၉၄	၈၃၇၄၆၆	၁၇၁၂၇၂
–ဆည်မြောင်း၊တာတမံ	၂၂	၂၃	၁
–မြစ်ရေတင်လုပ်ငန်း	–	၅	၅
–မိုးစပါးစိုက်ဧက	၃၈၃၀၆၉	၄၉၂၀၃၂	၁၀၈၉၆၃
–နွေစပါးစိုက်ဧက	–	၁၀၂၀၃၁	၁၀၂၀၃၁
–ဆီထွက်သီးနှံစိုက်ဧက	၂၄၅၈၀	၄၈၅၁၄	၂၁၉၃၄
–ငါးမွေးမြူရေးကန်(ဧက)	၉၆	၃၂၆	၂၃၀
–ပုစွန်မွေးရေပြင်(ဧက)	–	၈၀	၈၀
သစ်တောပြုစုပျိုးထောင်မှု			
–သစ်တောစိုက်ခင်း(ဧက)	၄၀၀	၇၈၄၀	၇၄၄၀
လမ်းပန်းဆက်သွယ်ရေး			
–ကားလမ်း(မိုင်)	၅၅၄	၇၇၁	၂၁၇
–ကတ္တရာလမ်း(မိုင်)	၂၀၁	၃၄၀	၁၃၉
–ကျောက်လမ်း(မိုင်)	၄၅	၁၀၈	၆၃
–ပေ ၁၈၀ အထက်တံတား	၈	၁၃	၅
–ပေ ၁၈၀ အောက်တံတား	၁၁၇	၂၆၃	၁၄၆
စွမ်းအင်ဖွံ့ဖြိုးမှု			
–သဘာဝဓာတ်ငွေ့ပိုက်လိုင်း(မိုင်)	–	၄၂	၄၂
လျှပ်စစ်စွမ်းအား			
–ဓာတ်အားသုံးစွဲမှုယူနစ်(သန်း)	၁၀.၂၇၄	၂၈၆.၉၉၈	၂၇၆.၇၂၄
ပညာရေး			
အခြေခံပညာအဆင့်			
–မူလတန်းကျောင်း	၁၀၆၄	၁၁၆၃	၉၉
–အလယ်တန်းကျောင်း	၆၅	၇၇	၁၂
–အထက်တန်းကျောင်း	၂၀	၅၅	၃၅
–ဆရာ၊ဆရာမဦးရေ	၄၁၁၆	၅၆၂၅	၁၅၀၉
–ကျောင်းသားဦးရေ	၁၃၃၇၇၇	၂၁၉၈၁၉	၈၆၀၄၂
အဆင့်မြင့်ပညာအဆင့်			
–တက္ကသိုလ်	–	၁	၁
–ကောလိပ်	–	၁	၁
–အစိုးရကွန်ပျူတာကောလိပ်	–	၁	၁
–အစိုးရနည်းပညာကောလိပ်	–	၁	၁
–အစိုးရစက်မှုလက်မှုသိပ္ပံ	–	၁	၁
ကျန်းမာရေး			
–ဆေးရုံ	၁၇	၂၆	၉
–ကျန်းမာရေးဌာနများ	၅၀	၅၈	၈
–တိုင်းရင်းဆေးရုံ	–	၁	၁
ဆက်သွယ်ရေး			
–စာတိုက်စခန်း	၂၇	၃၃	၆
–ကြေးနန်းရုံး	၇	၁၃	၆
–တယ်လီဖုန်းရုံး	၅	၂၄	၁၉
ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး			
–ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ	–	၈	၈
–ကိုယ့်အားကိုယ်ကိုး ကျေးရွာစာကြည့်တိုက်	–	၇၁၁	၇၁၁

ဘားအံတက္ကသိုလ်ပင်မဆောင်

ကရင်ပြည်နယ်အတွင်းရှိ တိုင်းရင်းသားလူငယ်များ အဆင့်မြင့် ပညာသင်ယူနိုင်ရေးအတွက် ဘားအံမြို့တွင် တည်ဆောက်ဖွင့်လှစ် ပေးထားသော ဘားအံတက္ကသိုလ်ပင်မဆောင်ကို တွေ့ရစဉ်။

တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော

ကရင်ပြည်နယ်

ကရင်ပြည်နယ်သည် ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အရှေ့တောင်ဘက်ပိုင်းတွင် တည်ရှိပြီး စတုရန်းမိုင်ပေါင်း ၁၁၇၃၀ကျယ်ဝန်းသည်။ ကရင်၊ ပအိုဝ်း၊ မွန်၊ ဗမာ၊ ရခိုင်၊ ရှမ်း စသည့် တိုင်းရင်းသား မျိုးနွယ်စုများ အတူတကွပူးပေါင်း နေထိုင်ကြသည့် ပြည်ထောင်စုငယ်တစ်ခုအသွင် တည်ရှိနေသည်။ လက်ရှိလူဦးရေ ၁၆၅၃၀၀၀ ခန့်ရှိသဖြင့် ပျမ်းမျှလူနေသိပ်သည်းမှုမှာ တစ်စတုရန်းမိုင်လျှင် ၁၄၅ဦး ဖြစ်သည်။

လွင်ပြင်၊ တောင်တန်းနှင့် သစ်တောများ ဆက်စပ်နေသောပြည်နယ်ဖြစ်သည်။ ပြည်နယ်၏ အရှေ့ဘက် ပိုင်းတွင် တောင်တန်းများသည် မြောက်ဘက်မှတောင်ဘက်သို့ သွယ်တန်းနေပြီး ပြည်နယ်အနောက်ဘက် ပိုင်းတွင် မြေနိမ့်လွင်ပြင်များ တည်ရှိသည်။ ပြည်နယ်အတွင်း၌ သံလွင်၊ သောင်ရင်း၊ အတ္တရံ၊ ဂျိုင်းမြစ် စသည့်မြစ်ကြီးများ စီးဆင်းလျက်ရှိသည်။

ကရင်ပြည်နယ်သည် မြေသယံဇာတ၊ ရေသယံဇာတကြွယ်ဝသည်နှင့်အမျှ နိုင်ငံတော်၏ အားပေး မြှင့်တင်မှုနှင့် ပြည်နယ်သူ၊ ပြည်နယ်သားတို့၏ ကြိုးပမ်း အားထုတ်မှုတို့ကြောင့် စိုက်ပျိုးရေးစွမ်းအားများ တိုးတက်မြင့်မားလာခဲ့သည့်အပြင် ပြည်နယ်အတွင်းရှိ တိုင်းရင်းသားပြည်သူများ လူမှုဘဝမြင့်မားတိုးတက် စေမည့် အခြေခံအဆောက်အအုံများပါ ဖြန့်ကြက်ဖြစ်ထွန်းလာသည်။

ကရင်ပြည်နယ်သည် အခြားပြည်နယ်နှင့်တိုင်းများနည်းတူ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်လျက်ရှိသည်။ ကရင်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုများကို လေ့လာနိုင်ရန်အတွက် ၁၉၈၈ခုနှစ် ကာလနှင့် မျက်မှောက်ကာလ ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ပြပါအတိုင်း တွေ့မြင်နိုင်ပေသည်။

ကရင်ပြည်နယ် ၊ ဘားအံ မြို့နယ် မော်လမြိုင်–ဇာသပြင်–အိန္ဒူ–ဘားအံလမ်းတွင် တည်ဆောက် ဖွင့်လှစ်ခဲ့သည့် ဂျိုင်းမြစ်ကူး (ဇာသပြင်) တံတားကို ဤသို့ တွေ့ရသည်။

ပြည်ထောင်စုအားမာန်

☆ **မင်းနဲ့ငါ ငါနဲ့မင်း**
သွေးချင်းညီအစ်ကိုဆွေမျိုးချင်း
ရိုင်းပင်းကူညီအသင်းအပင်း
အတင်းအဖျင်းမဆို ဒို့အချင်းချင်း။

☆ **မြေပြန့်မှာနေ မျိုးဆွေများ**
တောင်ပေါ်မှာနေ သားချင်းများ
ရေမြေထုံးစံ ခြားသော်ငြား
ပြည်ထောင်စုဖွား တိုင်းရင်းသား
ရေကိုသားလို့ မထင်အကြား။

☆ **ပြည်ထောင်စုဖွား၊ တိုင်းရင်းသားတွေ**
တစ်မြေတည်းနေ၊ တစ်ရေတည်းသောက်
တစ်ယောက်ကအားလုံး၊ လက်ရုံးမြားမြောင်
ဉာဏ်မြားမြောင်နှင့်၊ စွမ်းဆောင်ကြလျှင်
အဆိုးမြင်ပုဆိန်ရိုး၊ ဘယ်ရန်မျိုးမျှ
ဒို့ကမကြောက် ဒူးမထောက်။
ဘယ်သူခြောက်ခြောက်လက်မမြှောက်။
ပန်းတိုင်အရောက် ခရီးပေါက်။ ။

(၅၉) နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုလျက်

မိုးရန်နိုင်(ကျောက်ကြီး)

ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်တွင် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို ရန်ကုန်မြို့ရှိ ပြည်သူ့ရင်ပြင်၌ ကျင်းပစဉ်ကာလအတွင်း နံနက် ၆နာရီမှ ၉နာရီအထိ ပြည်သူ့ရင်ပြင်ရှေ့ အလုံလမ်းနှင့် ရှင်စောပုလမ်းအကြား ပြည်လမ်းမကြီးကို ခေတ္တပိတ်ထားမည်ဖြစ်ပါ၍ ခရီးသွားပြည်သူများအနေဖြင့် ယင်းအချိန်အတွင်း အခြားလမ်းကြောင်းမှ ရှောင်ကွင်းမောင်းနှင်နိုင်ပါရန် ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီက အသိပေးကြေညာထားသည်။ (သတင်းစဉ်)

ကျောဖုံးမှ

ထို့နောက် ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်သို့ သန်လျင်မြို့နယ် ကျိုက်ခေါက်ဘုရားလမ်းအတိုင်း သယ်ဆောင်လာပြီး ရန်ကုန်–သန်လျင်တံတားကို ဖြတ်သန်း၍ သယ်ဆောင်လာရာ ရန်ကုန်တောင်ပိုင်းခရိုင်မှ ပြည်သူထောင်ပေါင်းများစွာက သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုအလေးပြုကြသည်။

ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် ရန်ကုန်–သန်လျင်တံတားထိပ် ဧရာဝဏ်လမ်း ပြည်ထောင်စုတိုင်းရင်းသားကျေးရွာရှေ့အရောက်၌ ရန်ကုန်အရှေ့ပိုင်းခရိုင် သာကေတမြို့နယ် အမှတ်(၄) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာအဖွဲ့က နိုင်ငံတော်သီချင်းကို တီးမှုတ်၍ ဂုဏ်ပြုကြိုဆိုအလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုအလံတော်ကို ပြည်ထောင်စုလှေဖြင့် ဧရာဝဏ်လမ်း၊ သာကေတအဝိုင်းမှ တစ်ဆင့် ဧရာဝဏ်လမ်း၊ မင်းနန္ဒာလမ်းအတိုင်း သုဝဏ္ဏတံတားကို ဖြတ်သန်းပြီး ဝေဇယန္တာလမ်း၊ သံသုမာလမ်းမှတစ်ဆင့် ငမိုးရိပ်တံတားကိုဖြတ်သန်းကာ အမှတ်(၂)လမ်းမကြီးအတိုင်း ခမ်းနားထည်ဝါစွာဖြင့် သယ်ဆောင်လာကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ သဃ်ာန်းကျွန်းမြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဒဂုံမြို့သစ် (မြောက်ပိုင်း) မြို့နယ်တို့မှ မြို့နယ်နှင့်ရပ်ကွက် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေး အဖွဲ့ဝင်များ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ အခြေခံပညာကျောင်းများမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ကြက်ခြေနီနှင့် မီးသတ်တပ်ဖွဲ့ဝင်များ၊ စက်ရုံ၊ အလုပ်ရုံများနှင့် ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ ပြည်သူများ စုစုပေါင်း အင်အား ၁၂၀၀၀၀ကျော်တို့က လမ်းဘေးဝဲ/ယာတစ်လျှောက်၌ ပြည်ထောင်စုအလံများလွှင့်ထူ၍လည်းကောင်း၊ ရောင်စုံ

ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင်ကိုယ်စားပြု ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ လက်ဆင့်ကမ်း၍ သယ်ဆောင်လာစဉ်။ (ကြေးမုံ)

အလံများ စိုက်ထူ၍လည်းကောင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကများဖြင့်လည်းကောင်း၊ ပြည်ထောင်စုအလံငယ်များဝှေ့ယမ်း၍ လည်းကောင်း၊ **"(၅၉)နှစ်မြောက် ပြည်ထောင်စု အလံတော်အား လှိုက်လှဲစွာ ဂုဏ်ပြုကြိုဆိုပါ၏"** စာတန်းပါ လမ်းဖြတ်ပိုစတာများ ချိတ်ဆွဲ၍လည်းကောင်း လှိုက်လှိုက်လှဲလှဲ၊ သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆို အလေးပြုကြသည်။

ထို့နောက် ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာသည့် ပြည်ထောင်စုလှေသည် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ကြိုဆိုရေးမုခ်ဦးသို့ နံနက် ၇နာရီ ၄၅မိနစ်တွင်ရောက်ရှိပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စုအလံတော်ကိုအလေးပြု၍ နုတ်ယူပြီး တပ်မတော်(ကြည်း၊ရေ၊လေ) နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စု တိုင်းရင်းသားတိုင်းရင်းသူများ ခြံရံလျက် သယ်ဆောင်ကာ ပြည်ထောင်စုလမ်း၌ အသင့်စောင့်ဆိုင်းနေသော ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသိန်းဇော် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။ ထိုအချိန်တွင် ပန်းတဉ်းတန်းစည်တော်အဖွဲ့က စည်တော်ရွှမ်း၍ လည်းကောင်း၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း) မြို့နယ် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း ဘင်ခရာနှင့် ပန်းဖွားအဖွဲ့တို့က ဘင်ခရာတီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကများက၍ လည်းကောင်း ဂုဏ်ပြုကြသည်။

ဆက်လက်၍ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အဖွဲ့ဝင်(၁) ဦးသိန်းဇော် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က ပြည်ထောင်စုအလံတော်ကို ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းအတိုင်းသယ်ဆောင်လာကာ တာမွေမြို့နယ် အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးမြင့်လွင်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့သို့လွှဲပြောင်းပေးအပ်ပြီး ထိုမှတစ်ဆင့် ပြည်ထောင်စုအလံတော်ကို တောင်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး ဦးသိန်းလှမောင်ကြီး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ် (ဆိပ်ကမ်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးခင်မောင်တိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်ကျော်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီအတွင်းရေးမှူး ဦးအောင်ဝင်းဦး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း) မြို့နယ် ဆရာမ ဒေါ်သင်းသင်းနိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ခရိုင်ကြက်ခြေနီသူနာပြုတပ်ဖွဲ့မှ ဒုတိယတပ်ရင်းမှူး မျိုးမင်းနောင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရိုင်ပြည်ထောင်စု ကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း အလုပ်အမှုဆောင် ဦးအောင်ကျော်မိုး ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပုလဲရတနာလမ်းအတိုင်း အဆင့်ဆင့် လက်ဆင့်ကမ်းသယ်ဆောင်ကြပြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အားကစားကွင်းအတွင်း သတ်မှတ်နေရာအရောက်၌ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ပညာရေးအဖွဲ့ခေါင်းဆောင် ဒေါ်လဲ့လဲ့ဆွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ဒေါ်လဲ့လဲ့ဆွေ ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့က ပြည်ထောင်စုအလံတော်ကို သယ်ဆောင်လာပြီး ခရိုင်မိခင်နှင့်ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဒေါ်နန်းရွှေယဉ် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်ပြီး ဆက်လက် သယ်ဆောင်လာကာ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း အထူးတန်းပွဲကြည့်စင်ရှေ့၌ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်ထံ လွှဲပြောင်းပေးအပ်သည်။

ထိုကဲ့သို့ ပြည်ထောင်စုအလံတော်ကို အဆင့်ဆင့်လက်ဆင့်ကမ်းသယ်ဆောင်ရာတွင် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် ပြည်ထောင်စုလမ်းနှင့် ပုလဲရတနာလမ်းဘေး ဝဲ/ယာတစ်လျှောက်တို့မှ ထောင်ပေါင်းများစွာသော ပြည်သူများက ပြည်ထောင်စုအလံတော်ကို ဂုဏ်ပြုကြိုဆိုအလေးပြုကြသည့်အပြင် မင်္ဂလာ

အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးတင့်ကျော်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒေါပုံမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်လွင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ပုဇွန်တောင်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးဌေးဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဗိုလ်တထောင်မြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်မောင်ဇင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မင်္ဂလာတောင်ညွန့်မြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးချစ်ကိုကို ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ရန်ကင်းမြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးစိုးမြင့်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ မြောက်ဥက္ကလာပမြို့နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမောင်ဝင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သာကေတမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြကြိုင်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သဃ်ာန်းကျွန်းမြို့နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြင့်ခိုင် ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ် စစ်မှုထမ်းဟောင်းအဖွဲ့မှ အရာခံဗိုလ်သိန်းနိုင်(အငြိမ်းစား) ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့တို့က ပြည်ထောင်စုလမ်းအတိုင်း သယ်ဆောင်လာကြပြီး ပြည်ထောင်စုလမ်းနှင့်ပုလဲရတနာလမ်းထောင့်အရောက်၌ ဦးဇော်မျိုးလွင် ခေါင်းဆောင်သော ရန်ကုန်အရှေ့ပိုင်းခရိုင် စက်မှုဇုန် အလံတော်သယ်ယူရေးအဖွဲ့ထံ လွှဲပြောင်းပေးအပ်သည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးတိုးလင်း ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ ခရိုင်မီးသတ်ဦးစီးဌာနမှ ဦးစီးအရာရှိ ရဲသူရိန်အောင်ဝင်းစိန်ခေါင်းဆောင်သော အလံတော်သယ်ယူရေးအဖွဲ့၊ သဃ်ာန်းကျွန်းမြို့နယ် သုဝဏ္ဏအခြေခံပညာအထက်တန်းကျောင်းမှ အထက်တန်းပြ

ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်အားကစားကွင်းစင်မြင့်ရှိ ငွေဖလားတွင် ပြည်ထောင်စုအလံတော်အား စိုက်ထူပြီး အလေးပြုစဉ်။ (သတင်းစဉ်)

စည်တော်အဖွဲ့က စည်တော်ရွှမ်း၍လည်းကောင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းအတွင်း အသင့်နေရာယူထားကြသော ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းပေါင်းစုံတို့မှ ဘင်ခရာနှင့်ပန်းဖွားအက အဖွဲ့ဝင်များက ဘင်ခရာများတီးမှုတ်၍လည်းကောင်း၊ ပန်းဖွားအကများက၍ လည်းကောင်း ဂုဏ်ပြုကြသည်။

ထို့နောက် ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသား တိုင်းရင်းသူများ ခြံရံလိုက်ပါ၍ ပြည်ထောင်စုအလံတော်ကိုသယ်ဆောင်လာပြီး နံနက် ၈နာရီ ၃၅မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်အားကစားကွင်းစင်မြင့်ရှိငွေဖလား၌ စိုက်ထူလိုက်သည်။

ယင်းနောက် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းအတွင်း အသင့်ရောက်ရှိ နေရာယူထားကြသော ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ မြို့နယ် ၁၄မြို့နယ်မှ ပြည်သူလူထုကြီးက ရန်ကုန်တိုင်းစစ်ဌာနချုပ် ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ အလေးပြုကြရာ အမှတ်(၁၁) ခြေမြန်တပ်မဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကိုတီးမှုတ်သည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိငွေဖလား၌တစ်ညတာရပ်နားလျက်ရှိသော ပြည်ထောင်စုအလံတော်ကို ယနေ့နံနက်ပိုင်းမှစတင်၍ လာရောက်အလေးပြုကြသူများဖြင့် စည်ကားလျက်ရှိသည်။

ပြည်ထောင်စုအလံတော် တစ်ညတာရပ်နားသည့် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ် အားကစားကွင်း၌ ဖေဖော်ဝါရီ ၈ရက် ညနေပိုင်းမှစ၍ ဝန်ကြီးဌာနခုနစ်ခုမှ ပြခန်း ၁၁ခန်း၊ ရန်ကုန်အရှေ့ပိုင်းခရိုင်အတွင်းရှိ စက်မှုဇုန်များမှ မော်တော်ယာဉ်ထုတ်လုပ်ရေးပြခန်း ၆၄ခန်း၊ ထုတ်ကုန်ပစ္စည်းအရောင်းပြခန်း ၆၈ခန်း၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းနှင့် အမျိုးသမီးရေးရာအဖွဲ့ ရန်ပုံငွေအရောင်းဆိုင် ၂၈ဆိုင်၊ ပုဂ္ဂလိက လူသုံးကုန်ပစ္စည်း အရောင်းဆိုင်နှင့် စားသောက်ဆိုင် ၄၃ ဆိုင် စုစုပေါင်းပြခန်းနှင့် အရောင်းဆိုင် ၂၁၄ခန်း ဖွင့်လှစ်ပြသရောင်းချလျက်ရှိရာ ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများသည် ယနေ့နံနက်ပိုင်းတွင် ပြခန်းများနှင့်အရောင်းဆိုင်များကို လိုက်လံကြည့်ရှုအားပေးကြသည်။

ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်း၌ နယ်လှည့်ပြည်သူ့ဆက်ဆံရေးအငြိမ့်အဖွဲ့၊ မြဝတီအငြိမ့်အဖွဲ့၊ မော်ကွန်းရုပ်ရှင်၊ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့် မြန်မာ့ဆိုင်းအဖွဲ့များဖြင့် ဖျော်ဖြေလျက်ရှိရာ လေ့လာကြည့်ရှုဝယ်ယူအားပေးသူများဖြင့် အထူးစည်ကားလျက်ရှိသည်။ ညပိုင်းတွင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်အားကစားကွင်း၌ မီးရောင်စုံများဖြင့် ထွန်းညှိထားရာ လှပဝေဆာလျက်ရှိသည်။ (သတင်းစဉ်)

လေးမျက်နှာပရဟိတ ငွေလှူဒါန်းပွဲကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆိုလျက် ဧရာဝတီတိုင်း လေးမျက်နှာမြို့ ပရဟိတဂေဟာရှိ နယ်စပ်ဒေသအသီးသီးမှ တိုင်းရင်းသားကလေးများ၏ ပညာရေး၊ ကျန်းမာရေး၊စားဝတ်နေရေးနှင့် လူမှုရေးကိစ္စရပ်များတွင်အသုံးပြုရန် ဒသမအကြိမ်မြောက် ငွေလှူဒါန်းပွဲအခမ်းအနားကို ရန်ကုန်အကျိုးတော်ဆောင်အဖွဲ့နာယက၊ အင်းစိန်မြို့နယ် အောင်ဆန်းတောရ တပ်ဦးကျောင်း မိုးကုတ်ဝိပဿနာအဖွဲ့ခွဲ(၇၇)၏ပဓာန ဦးစီးနာယကဆရာတော် ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရဦးဆောင်၍ အောင်ဆန်းတောရတပ်ဦးကျောင်း၌ ဖေဖော်ဝါရီ ၁၂ရက်(ပြည်ထောင်စုနေ့)မွန်းတည့် ၁၂နာရီ၌ကျင်းပမည်ဖြစ်ရာ စေတနာရှင် အလှူရှင်များအနေဖြင့် အောင်ဆန်းတောရတပ်ဦးကျောင်း ဖုန်း–၆၄၁၉၆၆ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်းသိရသည်။ (က–ပ)

ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ပညာရေးဆိုင်ရာ လုပ်ငန်းကော်မတီမှ ကြီးမှူးဖွင့်လှစ်သည့် အပြည်ပြည်ဆိုင်ရာ ကုန်သွယ်မှုသင်တန်း အပတ်စဉ်(၄)သင်တန်းဆင်းပွဲကို ဖေဖော်ဝါရီ ၇ ရက်က ပန်းဘဲတန်းမြို့နယ်ဗိုလ်ဆွန်ပက်လမ်းရှိ UMFCCI Training Centre၌ ပြုလုပ်ရာ ပညာရေးဆိုင်ရာလုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးစိန်ဝင်းလှိုင် သင်တန်းဆင်းလက်မှတ်ပေးအပ်စဉ်။ (ကုန်သည်/စက်မှု)

၂၀၀၆ခုနှစ်(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

☆ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးဟူသော အမျိုးသားရေးမူဝါဒကို ပြည်ထောင်စု တိုင်းရင်းသားအားလုံး စောင့်ထိန်းကာကွယ်ရေး

☆ တိုင်းရင်းသားပြည်သူများအတွင်း ပြည်ထောင်စုစိတ်ဓာတ် ထာဝစဉ်ရှင်သန်ထွန်းကားရေး

☆ ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲရေးအတွက် တိုင်းရင်းသားအားလုံးက တက်ညီလက်ညီ ကာကွယ်ထိန်းသိမ်းရေး

☆ နိုင်ငံတော် တည်ငြိမ်အေးချမ်းမှုနှင့် ခေတ်မီဖွံ့ဖြိုးတိုးတက်မှုတို့အား နှောင့်ယှက်ဖျက်ဆီးသည့် ပြည်တွင်းပြည်ပ အဖျက်သမားများ၏အန္တရာယ်ကို တိုင်းရင်းသားစည်းလုံးညီညွတ်မှုဖြင့် ကာကွယ်တားဆီးရေး

☆ နိုင်ငံတော် ရှေ့ဆက်သွားမည့် မူဝါဒလမ်းစဉ်(၇)ရပ် အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ပြည်ထောင်စုတိုင်းရင်းသားအားလုံး ဝိုင်းဝန်းကြိုးပမ်းရေး

မြေနီကုန်းဓမ္မာရုံ တရားပွဲများကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် မြေနီကုန်းရပ်ကွက် လောကဇေယျာ ဆုတောင်းပြည့်စေတီတော် (၆၂)ကြိမ်မြောက် ဗုဒ္ဓပူဇနိယပွဲတော် တရားပွဲများကို မြေနီကုန်းဓမ္မာရုံ၌ ဖေဖော်ဝါရီ ၁၃ရက်မှ ၁၉ရက်အထိ ညစဉ် ၇နာရီတွင် ကျင်းပမည်ဖြစ်သည်။

ဖေဖော်ဝါရီ ၁၃ရက်တွင် အရှင်ပညိသာရ(ဓမ္မဒူတ)၊ ၁၄ရက်တွင် အရှင်ခေမာသိရီလင်္ကာရ(သီတဂူ ကြာတစ်ပွင့်–ရွှေပြည်ဟိန်း)၊ ၁၅ရက်တွင် အရှင်ကောသလ္လ(ဓမ္မစေတီ)၊ ၁၆ရက်တွင် အရှင်ကောဝိဒ (မဇ္ဈိမဂုဏ်ရည်)၊ ၁၇ရက်တွင် အရှင်ဇဝန(မေတ္တာရှင်)၊ ၁၈ရက်တွင် အရှင်စန္ဒာသိရီ(အောင်စကြာ)နှင့် ၁၉ရက်တွင် အရှင် သဒ္ဓမ္မကိတ္တိသာရ(အောင်ဆန်းတပ်ဦး)ဆရာတော်တို့က နိဗ္ဗာန်ရောက်ကြောင်းတရားတော်များကို ဟောကြားမည်ဖြစ်ကြောင်းသိရသည်။ (က–ပ)

ပြည်ထောင်စုနေ့တွင် လှော်ကားဥယျာဉ် ဖွင့်မည်

ရန်ကုန် ဖေဖော်ဝါရီ ၉

လှော်ကားဥယျာဉ်ကို နေ့စဉ်ပုံမှန် နံနက် ၈နာရီမှ ညနေ ၄နာရီ အထိသာ ဖွင့်လှစ်သော်လည်း ဖေဖော်ဝါရီ ၁၂ရက် (ပြည်ထောင်စုနေ့)တွင် အများပြည်သူများ ပျော်ရွှင်ချမ်းမြေ့စွာ အပန်းဖြေအနားယူလေ့လာနိုင်ရန် နံနက် ၈နာရီမှ ညနေ ၅နာရီအထိ ဖွင့်လှစ်ထားမည်ဖြစ်သည်။ (သတင်းစဉ်)

ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား မိသားစုအသွင်ဖြင့် ညစာတည်ခင်းဧည့်ခံ

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခြင်း အခမ်းအနားကို ယမန်နေ့ ညနေပိုင်းတွင် ဇော်ဂျီလမ်း ကမာရွတ်မြို့နယ်ရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး၏ နေအိမ်၌ ကျင်းပရာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေ၊ ဇနီး ဒေါ်မြသီဂီ၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိ ဌာနများမှ အကြီးအကဲများနှင့် ၎င်းတို့၏ ဇနီးများ တက်ရောက်ကြသည်။

ရှေးဦးစွာ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေက နှုတ်ခွန်းဆက်စကားပြောကြားပြီး ညစာစားပွဲသို့တက်ရောက်လာကြသောပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဝန်ကြီးနှင့်ဇနီး၊ ပို့ဆောင်ရေးဝန်ကြီးဌာနအောက်ရှိဌာနများမှ အကြီးအကဲများနှင့်ဇနီးများက အမှတ်တရ လက်ဆောင်ပစ္စည်းများ ပေးအပ်ကြသည်။

ထို့နောက် ညစာစားပွဲသို့ တက်ရောက်လာသည့်ပြည်ထောင်စုနေ့ ကိုယ်စားလှယ် ရခိုင်ပြည်နယ်မှ ဦးထွန်းမင်းက ကျေးဇူးတင်စကားပြောကြားသည်။ ယင်းနောက်(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့်ဇနီး ဒေါ်မြသီဂီ၊ ဌာနအကြီးအကဲများနှင့် ဇနီးများက မိသားစုအသွင်ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။

အလားတူ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်မောင်မောင်သိမ်းက (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့သို့ရောက်ရှိနေသည့် ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည့်အခမ်းအနားကို ယမန်နေ့ ညပိုင်းတွင် အင်းစိန်မြို့နယ် ဘုရင့်နောင်လမ်းရှိ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ဧည့်ရိပ်သာ၌ ကျင်းပရာ မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့်လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစီအစဉ်အရ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဗဟိုအလုပ်အမှုဆောင် ဝန်ကြီးက နွေးထွေးရင်းနှီးစွာ ကြိုဆို၍ နှုတ်ခွန်းဆက်စကားပြောကြားပြီး (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်တော်များအား မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ အမှတ်တရလက်ဆောင်များ ပေးအပ်သည်။

ထို့အတူ (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရန်ကုန်မြို့တွင် ရောက်ရှိနေသော ကရင်ပြည်နယ်မှ ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင်၊ သာသနာရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ် သူရမြင့်မောင်နှင့် မိသားစုဝင်များက ယမန်နေ့ ညနေပိုင်းတွင် ကမာရွတ်မြို့နယ် ချင်းတွင်းလမ်းနေအိမ်၌ မိသားစုအသွင် ညစာဖြင့် ရင်းရင်းနှီးနှီး တည်ခင်းဧည့်ခံပြီး အမှတ်တရလက်ဆောင်များ အပြန်အလှန် ပေးအပ်ကြသည်။

အလားတူ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ရန် ရောက်ရှိနေသော ကယားပြည်နယ် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ယမန်နေ့ ညနေပိုင်းတွင် သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် မိသားစုတို့က နေအိမ်မြက်ခင်းပြင်၌ ဂုဏ်ပြုညစာ စားပွဲဖြင့်တည်ခင်းဧည့်ခံသည်။

ရှေးဦးစွာ ဝန်ကြီး ဗိုလ်မှူးချုပ် သိန်းအောင်၊ဇနီးဒေါ်ခင်ဌေးမြင့်မိသားစုတို့က (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ကြိုဆိုနှုတ်ဆက်ကြပြီး မိသားစုအသွင်ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံကာ လက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ထို့အတူ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်ထောင်စုနေ့ကိုယ်စားလှယ်များအား အမှတ်(၁)စက်မှုဝန်ကြီးဌာနမှ ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံခြင်းကို ယမန်နေ့ ညနေပိုင်းတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ကွန်းသာယာခန်းမ၌ ပြုလုပ်သည်။

အဆိုပါ ညစာစားပွဲတွင် အမှတ်(၁) စက်မှုဝန်ကြီးဌာန ဦးစီးဌာနနှင့်လုပ်ငန်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးဆောင် ညွှန်ကြားရေးမှူးများနှင့် အကြံပေးပုဂ္ဂိုလ်များက (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်လာကြသော ပြည်နယ်၊ တိုင်းအသီးသီးမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင် ၁၄ဦး တို့အား ရင်းနှီးပျူငှာစွာဖြင့် ကြိုဆိုနှုတ်ဆက်ကြပြီးနောက် မိသားစုအသွင် ညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြပြီး ညစာသုံးဆောင်အပြီးတွင် အမှတ်တရ လက်ဆောင်များ ပေးအပ်ကြသည်။

အလားတူ ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြသည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ဝန်ထမ်းရွေးချယ် လေ့ကျင့်ရေးအဖွဲ့ ဝန်ထမ်းရေးရာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇံလှနှင့်ဇနီးတို့က ယမန်နေ့ ညနေပိုင်းတွင် လမ်းမတော်မြို့နယ် ဗဟိုစည်အိမ်ရာနေအိမ်၌ မိသားစုအသွင် ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံသည်။ (သတင်းစဉ်)

၂၀၀၆ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်သိန်းဆွေနှင့် ဇနီး ဒေါ်မြသီဂီတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (ပို့ဆောင်ရေး)

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်နှင့် ဇနီး ဒေါ်ခင်ဌေးမြင့် မိသားစုတို့က ဂုဏ်ပြုညစာဖြင့် တည်ခင်းဧည့်ခံစဉ်။ (သတင်းစဉ်)

ဖေဖော်ဝါရီ ၈ ရက်က ၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားသို့ တက်ရောက်ကြမည့် ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးချစ်နိုင်နှင့် ဇနီးတို့က နေအိမ်တွင် မိသားစုအသွင်ဖြင့် ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံစဉ်။ (ပြန်/ဆက်)

ဖေဖော်ဝါရီ ၈ ရက်က လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမောင်မောင်သန်း၏ ဇနီး ဒေါ်ခင်ဌေးမြင့်၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးခင်မောင်မြင့်နှင့် ဇနီး ဒေါ်တင်တင်ဝေတို့က(၅၉)နှစ်မြောက်ပြည်ထောင်စုနေ့ ကိုယ်စားလှယ်များအား မိသားစုအသွင်ဖြင့် ဧည့်ခံစဉ်။ (လူဝင်မှုကြီးကြပ်ရေး)

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း(ဗဟို)သို့ ဆေးတက္ကသိုလ်ကျောင်းသား ကျောင်းသူများ လေ့လာ

ရန်ကုန် ဖေဖော်ဝါရီ ၉

ဆေးတက္ကသိုလ်(၁) (ရန်ကုန်) နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများသည် ဆေးတက္ကသိုလ်(၁) (ရန်ကုန်) ကာကွယ်ရေးနှင့် လူမှုရေးဆေးပညာဌာနမှ ကထိက ဒေါက်တာဒေါ်တင်တင်အေးနှင့် ဆရာ ဆရာမများ ဦးဆောင်လျက် ယနေ့နံနက် ၉နာရီတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို) ဘက်စုံအဆောက်အအုံသို့ လာရောက် လေ့လာကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်ခင်ခင်ဝင်းက နှုတ်ခွန်းဆက်စကားပြောကြားပြီး ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အသင်းဖွဲ့စည်းပုံအဆင့်ဆင့်နှင့် အသင်း၏ လုပ်ငန်း ဆောင်ရွက်ချက်များကို အသေးစိတ်ရှင်းလင်းပြောကြားသည်။

ထို့နောက် လေ့လာရေးအဖွဲ့ဝင် ဆေးတက္ကသိုလ်(၁) (ရန်ကုန်) နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများ၏မေးမြန်းမှုများကို အသင်းဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဗဟိုအလုပ်အမှုဆောင် အဖွဲ့ဝင်များက ပြန်လည် ရှင်းလင်းဖြေကြားခဲ့ပြီး ကျောင်းသား၊ ကျောင်းသူများသည် မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း(ဗဟို)ဘက်စုံ အဆောက်အအုံအတွင်းရှိ ရောဂါရှာဖွေရေး ဆေးခန်းနှင့် ကလေးသူငယ် ဘက်စုံဖွံ့ဖြိုးရေးဌာန မူကြို ကျောင်းများကို လှည့်လည်ကြည့်ရှုလေ့လာကြသည်။ (သတင်းစဉ်)

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင် သံလွင်တံတား(မော်လမြိုင်) ချဉ်းကပ်ရထားလမ်းတည်ဆောက်ရေးစီမံကိန်းတွင် ကြည့်ရှုစစ်ဆေးစဉ်။
(သတင်းစဉ်)

သံလွင်တံတား(မော်လမြိုင်)မီးရထားလမ်း ဖောက်လုပ်ပြီးစီးမှု တိုင်းမှူးဗိုလ်ချုပ်စိုးနိုင် စစ်ဆေး

ရန်ကုန် ဖေဖော်ဝါရီ ၉

မွန်ပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အရှေ့တောင်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်စိုးနိုင်သည် ဌာနဆိုင်ရာတာဝန်ရှိသူများလိုက်ပါ၍ ဖေဖော်ဝါရီ ၆ ရက် မွန်းလွဲ ၁ နာရီတွင် သံလွင်တံတား(မော်လမြိုင်)တည်ဆောက်ရေးစီမံကိန်းသို့ ရောက်ရှိရာ ရှင်းလင်းဆောင်၌ သံလွင်တံတား (မော်လမြိုင်)မုတ္တမဘက်ခြမ်း အင်ဂျင်နီယာမှူး ဦးမျိုးဝင်းနှင့် မော်လမြိုင်ဘက်ခြမ်း အင်ဂျင်နီယာမှူး ဦးတင့်လွင်တို့က လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ရှင်းလင်းတင်ပြကြပြီး သံလွင်တံတား(မော်လမြိုင်)ချဉ်းကပ်ရထားလမ်း တည်ဆောက်ရေးစီမံကိန်း မြန်မာ့မီးရထား အင်ဂျင်နီယာ ဦးဇော်မင်းဦးက မီးရထားသံလမ်း ဖောက်လုပ်ပြီးစီးမှုနှင့် ဘူတာရုံတည်ဆောက်ပြီးစီးမှုများကို ရှင်းလင်းတင်ပြသည်။

တင်ပြချက်များအပေါ် တိုင်းမှူးက လုပ်ငန်းလိုအပ်ချက်များကို ညှိနှိုင်း ဆောင်ရွက်ပေးပြီး လုပ်ငန်းများ သတ်မှတ်ကာလအတွင်း စံချိန်စံညွှန်း ပြည့်မီစွာ ပြီးစီးအောင် ကြိုးပမ်းဆောင် ရွက်ရေး မှာကြားသည်။

ထို့နောက်တိုင်းမှူးသည် သံလွင် တံတား(မော်လမြိုင်)မုတ္တမဘက်ခြမ်း၌ တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက် နေမှုအခြေအနေများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ အား လိုအပ်သည်များကို မှာကြား ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် တိုင်းမှူးသည် သံလွင် တံတား(မော်လမြိုင်)မော်လမြိုင်ဘက် ခြမ်းရှိ ကျိုက်ဖနဲရပ်ကွက်၌ စက် ယန္တရားများဖြင့် လုပ်ငန်းဆောင်ရွက် နေမှု၊ မီးရထား သံလမ်းကမ်းကပ်ခုံ၊ ချဉ်းကပ်ရထားသံလမ်းနှင့် ရထား သံလမ်း ဖောက်လုပ်ပြီးစီးမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန် ရှိသူများအား လိုအပ်သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေး သည်။

ယင်းနောက်တိုင်းမှူးသည်မော်လမြိုင် ဘူတာရုံသို့သွားရောက်၍ အမိုးများ တပ်ဆင်ထားရှိမှု၊ ကျောက်ပြားများ ခင်းခြင်းနှင့်ပလက်ဖောင်းများ ပြုလုပ် ဆောင်ရွက်ထားရှိမှု၊ သံလမ်းဖောက် လုပ်ပြီးစီးမှုများ၊ဘူတာရုံတည်ဆောက် ပြီးစီးမှု၊ ခရီးသည်များ နားနေသည့် နေရာများ၊ ဘူတာအဝင်လမ်း၊ လမ်း လယ်ကျွန်းနှင့် ပန်းအလှပင်များ စိုက်ပျိုးထားရှိမှုများကို လှည့်လည် ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ် သည်များကို မှာကြားဖြည့်ဆည်း ဆောင်ရွက်ပေးသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာဒေါ်တင်လင်းမြင့် ဆေးတက္ကသိုလ် (၁)(ရန်ကုန်) နောက်ဆုံးနှစ်အပိုင်း(က) ကျောင်းသား၊ ကျောင်းသူများအား မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက် ရေးအသင်း၏ ဖွဲ့စည်းပုံအဆင့်ဆင့်နှင့်အသင်း၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းပြောကြားစဉ်။
(မိခင်/ကလေး)

သီတဂူကြယ်တစ်ပွင့်၏ ဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၉

မန္တလေး တံခွန်တိုင် တမာတန်း ပြည်ကြီးတံခွန် ငြိမ်းချမ်းရွှေပြည် စာသင်တိုက်၏ ပဓာနနာယကသာသနဓဇဓမ္မာစရိယ ဓမ္မကထိက ဗဟုဇနဟိတရေ သဒ္ဓမ္မဇောတိကဓဇ သီတဂူကြယ်တစ်ပွင့် အရှင်ပညာနန္ဒသည် ဖေဖော်ဝါရီ ၂၂၊ ၂၃ရက်ညများတွင် ညောင်စာရေးမြို့ ရွှေတောင်မြို့နယ်၊ ၂၄၊၂၅ရက်ညများတွင် စစ်ကွင်းမြို့၊ ၂၆ရက်ညတွင် အောင်သုခဗိမာန်ကျောင်း ရန်ကင်း ရန်ကုန်၊ ၂၇၊ ၂၈ရက်ညများတွင် ရိုးလေးကွက်သစ် အုတ်တွင်းမြို့၊ မတ် ၁၊၂ရက်ညများတွင် ကံကလေးရွာ၊ အုတ်တွင်းမြို့နယ်၊ ၃ရက်ညတွင် ပြည်တော်ပြန်ဘုရား၊ ဇလွန်မြို့၊ ၄၊၅ရက်ညများတွင် ဒါးကမြို့၊ ၆၊ ၇ရက်ညများတွင် ဘိုကလေးမြို့၊ ၈ရက်ညတွင် တိုက်ရွာ ပုတီးကုန်းမြို့၊ ၉ရက်ညတွင် လယ်တီစံကျောင်း ပုဇွန်တောင် ရန်ကုန်၊ ၁၀ရက်ညတွင် ရွှေကျီးသာကျောင်းတိုက်၊ ဒဂုံ(တောင်ပိုင်း) ရန်ကုန် ဓမ္မသဘင်တို့၌ တရားတော်များ ဟောကြားမည်ဖြစ်သည်။ (က–ပ)

ဂုဏ်ပြုလွှာပေးအပ်

ရန်ကုန်မြို့ တောင်ဥက္ကလာပ မြို့နယ် (၉)ရပ်ကွက် သူရ(၂)လမ်းနေ ဒေါ်ယဉ်နုနှင့် ညီမဒေါ်ခင်စု မိသားစု က အလှူငွေကျပ်တစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း (၁၆/၂) ရပ်ကွက် သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီ မှုအသင်း(ရန်ကုန်)သို့ လှူဒါန်းရာ အလုပ်အမှုဆောင် ဦးကြည်သိန်း လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်စဉ်။ (က–ပ)

ဟန်ဂေါက်မာစတာ(စ်) အကယ်ဒမီ သင်တန်းကျောင်း ဂေါက်သီးရိုက်သင်တန်းများ ဖွင့်လှစ်လျက်ရှိ

ရန်ကုန် ဖေဖော်ဝါရီ ၉

မြန်မာ့ဂေါက်သီးအားကစား အဆင့် အတန်း တိုးတက်မြင့်မားလာရေးနှင့် ထူးချွန်သော နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာ ရေးကိုရည်ရွယ်၍ ဟန်ဂေါက် မာစတာ(စ်)အကယ်ဒမီ ဂေါက်သီးရိုက် သင်တန်းကျောင်းကို ၂၀၀၆ ခုနှစ် ဇန်နဝါရီ ၃၁ရက်မှစတင်၍ လစဉ်ပုံမှန် သင်တန်းများကို ဖွင့်လှစ်လျက် ရှိသည်။

အဆိုပါသင်တန်းကျောင်းတွင်အခြေခံ သင်တန်း (ရုံးပိတ်ရက်/ရုံးဖွင့်ရက်) (Beginner Course)၊ ကွင်းပတ် အဆင့် မွမ်းမံသင်တန်း (Intermediate Course)၊ အဆင့်မြင့်သင်တန်း (Advance Course)နှင့် ပြိုင်ပွဲဝင် ချန်ပီယံသင်တန်းများပါဝင်ပြီး စာတွေ့ လက်တွေ့ သင်ကြားပို့ချမည့်အပြင် ခေတ်မီဗီဒီယိုကင်မရာစက်များ၊ သင်ရိုး ညွှန်းတမ်းစာအုပ်များ အကူအညီဖြင့် စနစ်တကျ တတ်မြောက်သည်အထိ သင်ကြားပေးနေသည်။ ယင်းသင်တန်း များသို့ လူကြီးလူငယ်၊ အမျိုးသား၊ အမျိုးသမီး မည်သူမဆို တက်ရောက် သင်ကြားနိုင်သည်။

သင်ကြားပေးမည်

သင်တန်းများကို နိုင်ငံတကာအတွေ့ အကြုံရှိသည့် သမ္မာရင့်မြန်မာ့လက်ရွေး စင်အသင်း နည်းပြများဖြစ်ကြသော ဦးချမ်းဟန်၊ ဦးကိုကိုလေး၊ ဦးဆန်း ထွန်းနှင့် ဦးဇော်ပိုင်ဦးတို့က အဆင့် မြင့်မြင့် သင်ကြားပေးမည်ဖြစ်သည်။

ဖေဖော်ဝါရီ နောက်ဆုံးပတ်မှစတင် ၍ ၂၀၀၆ ခုနှစ် နွေရာသီမျိုးဆက်သစ် လူငယ်သင်တန်းများလည်း ဖွင့်လှစ် သင်ကြားပို့ချမည်ဖြစ်ရာသင်တန်းတက် ရောက်လိုသော မျိုးဆက်သစ် လူငယ် ဂေါက်သီးရိုက် အားကစားသမားများ သည် မြန်မာဂေါက်သီးရိုက် လေ့ကျင့် ရေးကွင်း ကျောက်ရေတွင်းလမ်း၊ မရမ်း ကုန်းမြို့နယ် ရန်ကုန်မြို့ ဖုန်း ၀၁– ၇၀၆၇၈၈ သို့ ဆက်သွယ်စာရင်းပေး သွင်းရမည်ဖြစ်သည်။ (သတင်းစဉ်)

တာမွေမြို့နယ်၊ ကျောက်မြောင်း မနောဟရ လမ်းနေ ဦးကျော်မြင့် (ဒု–ညွှန်ကြားရေးမှူး – ငြိမ်း၊ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း)ဒေါ်ညွန့်ညွန့်နွယ်မိသားစုတို့က သုံးထပ် ဘိုးဘွားဆေး ရုံ သစ် ကြီး အတွက် ငွေကျပ် နှစ်သိန်းကို နှင်းဆီကုန်း ဘိုးဘွားရိပ်သာ အုပ်ချုပ်ရေးအဖွဲ့ တွဲဖက်ဘဏ္ဍာရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (က–ပ)

ဘုရားဖြူဓမ္မသဘင်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်းလုံးဆိုင်ရာဝိနယာနုဂ္ဂဟ အသင်းမှကြီးမှူးကျင်းပသော (၇၄)ကြိမ်မြောက် ဘုရားဖြူ ဝိနည်းစာတော်ပြန်ပွဲ ဆုနှင်းသဘင် အကြိုတရားပွဲအဖြစ် စစ်ကိုင်း အရှင်ခေမိန္ဒ(ခင်မကန်)က ပုဇွန်တောင်မြို့နယ် ဘုရားဖြူကျောင်းတိုက်၌ ဖေဖော်ဝါရီ ၁၂ ရက်(တနင်္ဂနွေနေ့) ည ၇ နာရီတွင် တရားတော်များ ဟောကြားမည်ဖြစ်ကြောင်း သိရသည်။ (က-ပ)

ရောဝတီတိုင်း ဖျာပုံမြို့ ထန်းပင်ကျောင်း ပရိယတ္တိစာသင်တိုက်အတွင်း တည်ဆောက်လျက်ရှိသည့် မဏိရတနာ အမှတ်(၂) နှစ်ထပ်ကျောင်းဆောင်အတွက် အရှင်ဆန္ဒာဓိက(ရွှေပါရမီတောရ)က ငွေကျပ် သိန်း ၃၀ကို နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတဘဒ္ဒန္တ ဝေပုလ္လထံ လှူဒါန်းရာ ရွှေပါရမီဓမ္မစာပေပြန့်ပွားရေးဥက္ကဋ္ဌ ဦးရှိန်ဝင်းကပေးအပ်ပြီး ဆရာတော်၏ တပည့်ဒါယကာ ကပ္ပတိန် ဦးဌေးမြင့်က လက်ခံရယူစဉ်။ (က-ပ)

ပြွန်တန်ဆာအသင်း နှစ်ပတ်လည်စည်းဝေးမည်

ရန်ကုန် ဖေဖော်ဝါရီ ၉

ပြွန်တန်ဆာအသင်း(ရန်ကုန်)၏ သက်ကြီးပူဇော်ပွဲ၊ နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများအား ဂုဏ်ပြုပွဲ၊ ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည် အစည်းအဝေးကို ဖေဖော်ဝါရီ ၁၈ရက် (စနေနေ့) နံနက် ၉နာရီတွင် ရန်ကုန်မြို့ မဟာဝိဇယစေတီတော်အနီးရှိ ပို့ဆောင်ရေးဝန်ကြီးဌာန ဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းဝင်များနှင့်ပြွန်တန်ဆာဒေသ နယ်သူ၊ နယ်သားများ ဖိတ်စာရသည်ဖြစ်စေ၊ မရသည်ဖြစ်စေ တက်ရောက်ကြရန် ဖိတ်ကြားထားသည်။

သို့ဖြစ်၍ အသက်(၇၅)နှစ်ပြည့်ပြီးသော အသင်းဝင်များနှင့် မိဘများစာရင်း၊ ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်က ချီးမြှင့်သော ဘွဲ့ထူးဂုဏ်ထူးရရှိသူများစာရင်းနှင့် တက္ကသိုလ်ဝင်တန်းစာမေးပွဲတွင် ဂုဏ်ထူးရရှိသော သားသမီးများ၏ မြန်မာနိုင်ငံစာစစ်အဖွဲ့မှ ထုတ်ပေးသော အမှတ်စာရင်းမိတ္တူတို့ကို နာယက ဦးဘသောင်း ဖုန်း-၂၂၁၇၈၀၊ ဥက္ကဋ္ဌ ဦးသောင်းလွင် ဖုန်း-၅၄၂၅၉၈၊ ဒုတိယဥက္ကဋ္ဌ ဦးတင်မောင်အေး ဖုန်း-၆၆၃၀၈၅၊ ဒုတိယဥက္ကဋ္ဌ ဦးကျော်သိန်း ဖုန်း-၆၄၂၆၆၁၊ အတွင်းရေးမှူး ဦးစောလှ ဖုန်း-၂၉၈၈၂၇၊ တွဲဖက်အတွင်းရေးမှူး ဦးညွန့်ကြည် ဖုန်း-၅၀၁၇၀၄၊ တွဲဖက်အတွင်းရေးမှူး ဦးခင်ရွှေ ဖုန်း-၂၉၅၁၂၃၊ အမှုဆောင် ဦးအောင်ကြည် ဖုန်း-၅၁၀၄၀၂၊ ဒေါ်လှမူမူ ဖုန်း-၅၁၁၁၅၈နှင့် ဒေါ်ခင်သက်နိုင် ဖုန်း-၃၇၁၇၂၀ တို့ထံ ဖေဖော်ဝါရီ ၁၅ရက်နောက်ဆုံးထား၍ ပေးပို့နိုင်သည်။ (သတင်းစဉ်)

အင်္ဂလိပ် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲ စတုတ္ထအကျော့တွင် ချယ်လ်ဆီးအနိုင်ရ

လန်ဒန် ဖေဖော်ဝါရီ ၉

အင်္ဂလိပ် အက်ဖ်အေဖလားဘောလုံးပြိုင်ပွဲကို ဗုဒ္ဓဟူးနေ့က ကျင်းပရာ ချယ်လ်ဆီးအသင်းက အဲဗာတန်အသင်းကို လေးဂိုး-တစ်ဂိုးဖြင့်လည်းကောင်း၊ မစ်ဒယ်ဘရော့အသင်းက ကိုဗင်ထရီအသင်းကို တစ်ဂိုးဂိုးမရှိဖြင့်လည်းကောင်း အနိုင်ရရှိသည်။

စတမ်းဖို့ဒ်ဘရစ်ဂျ်နှင့် ရေးဗားဆိုက်ကွင်းတို့တွင် ကျင်းပခဲ့သည့်ပွဲတွင် အနိုင်ရရှိကြသည့် ချယ်လ်ဆီးအသင်းနှင့် မစ်ဒယ်ဘရော့အသင်းတို့မှာ ပဥ္စမအကျော့ပြိုင်ပွဲသို့ တက်လှမ်းနိုင်မည်ဖြစ်သည်။

ပရီမီယာရှစ်ဘောလုံးပြိုင်ပွဲတွင် ဦးဆောင်ကစားလျက်ရှိသော ချယ်လ်ဆီးအသင်းသည် စတုတ္ထ အကျော့တွင်အနိုင်ရရှိခြင်းဖြင့် ပဥ္စမအကျော့ပြိုင်ပွဲသို့ အက်ဖ်အေဖလားဘောလုံးရာသီ ရှစ်ကြိမ်ဆက်တိုက် ဝင်ရောက်ခွင့်ရရှိမည် ဖြစ်သည်။

အဲဗာတန်အသင်းတွင် အက်ဖ်အေဖလားပြိုင်ပွဲအတွက် ပွဲဦးထွက်ပါဝင်လာသူမှာ အသက် ၂၂အရွယ်ရှိ ဂိုးသမား အီယန်တန်နာဖြစ်သည်။ ယင်းအသင်း၏ ဂိုးသမား ရစ်ချတ်ရိုက်သည် အက်ဖ်အေဖလားပြိုင်ပွဲအကြို လေ့ကျင့်ကစားစဉ်အတွင်း ထိခိုက်ဒဏ်ရာရရှိခဲ့သဖြင့် တန်နာက အစားထိုးဝင်ရောက်လာခြင်းဖြစ်သည်။

ဖေဖော်ဝါရီ ၈ရက်က လန်ဒန်မြို့ စတမ်းဖို့ဒ်ဘရစ်ဂျ်ကွင်း၌ ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် ချယ်လ်ဆီးအသင်းမှ ရော်ဘင်က အဲဗာတန်အသင်းဘက်သို့ ဂိုးသွင်းယူစဉ်။
(ဓာတ်ပုံ-အင်တာနက်)

ဖေဖော်ဝါရီ ၈ရက်က လန်ဒန်ရှိ ရေးဗားဆိုက်ကွင်းတွင်ကျင်းပသော အက်ဖ်အေဖလား ဘောလုံးပြိုင်ပွဲတွင် မစ်ဒယ်ဘရော့အသင်းမှ ဟက်ဆယ်ဘင့်ခ်(ယာ)**က ကိုဗင်ထရီအသင်းမှ အန်ဒီဝင်း၏ ကန်ချက်ကို ဖျက်ထုတ်နေစဉ်။**
(ဓာတ်ပုံ-အင်တာနက်)

ပွဲချိန် ၂၂မိနစ်တွင် ချယ်လ်ဆီးအသင်းမှ ဟာနန်ခရက်စပို၏ဖေးကူမှုဖြင့် အာဂျန်ရော်ဘင်က ဖွင့်ဆော်ဦးဂိုး သွင်းယူခဲ့သည်။

ပွဲချိန် ၃၆မိနစ်တွင် ဖရန့်စ်လမ်းပတ်က ပင်နယ်တီမှ တစ်ဆင့်ဂိုးသွင်းနိုင်ခဲ့ပြန်ရာ ချယ်လ်ဆီးအသင်းမှာ နှစ်ဂိုးဖြင့် ဦးဆောင်ကစားလာနိုင်သည်။

ပွဲချိန် ၃၉ မိနစ်တွင် လမ်းပတ်၏ ဖရီးကစ်မှတစ်ဆင့် ခရက်စပိုက ဂိုးသွင်းယူခဲ့သည်။

ပွဲချိန် ၇၂ မိနစ်တွင် အဲဗာတန်အသင်းမှ အတ်တက်တာက ပင်နယ်တီမှတစ်ဆင့် ချေပဂိုးတစ်ဂိုးသွင်းယူနိုင်သော်လည်း နောက်နှစ်မိနစ်အကြာတွင် တယ်ရီက ချယ်လ်ဆီးအသင်းအတွက် စတုတ္ထမြောက်ဂိုးကို သွင်းယူခဲ့သည်။

မစ်ဒယ်ဘရော့-ကိုဗန်ထရီ

မစ်ဒယ်ဘရော့အသင်းမှ ဒတ်ချ်လူမျိုး တိုက်စစ်မှူး ဂျင်မီဖလွိုက်ဟက်ဆယ်ဘိင့်ခ်က ပွဲချိန် မိနစ်၂၀ တွင် မစ်ဒယ်ဘရော့အသင်းအတွက် တစ်လုံးတည်းသောအနိုင်ဂိုးကို သွင်းယူခဲ့သည်။ ဟက်ဆယ်ဘင့်ခ်သည် ငါးပွဲကစားခဲ့ရာတွင် ၎င်း၏ စတုတ္ထမြောက်ဂိုးကို သွင်းယူနိုင်ခဲ့ခြင်းဖြစ်ပြီး ယခုနှစ် ဘောလုံးရာသီတွင် ၎င်း၏ နဝမမြောက်ဂိုးကို သွင်းယူနိုင်ခဲ့သည်။

ကိုဗင်ထရီအသင်းသည် ဒုတိယပိုင်းပွဲကစားချိန်အတွင်း ခြေကုန်ထုတ်ကာ ကစားခဲ့သည်။ ကိုဗင်ထရီအသင်းမှ မားကပ်စ်ဟောနှင့် စတန်းဂျွန်တို့က ဂိုးသွင်းနိုင်လုနီးပါး အခြေအနေအထိရောက်အောင် စွမ်းဆောင်ခဲ့ကြသော်လည်း မစ်ဒယ်ဘရော့အသင်းက ကြံ့ကြံ့ခံကာ ကစားခဲ့ကြသည်။

အက်ဖ်အေဖလား ပဥ္စမကျော့ပြိုင်ပွဲကို ဖေဖော်ဝါရီ ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ဆက်လက်ကျင်းပမည်ဖြစ်သည်။ **အင်တာနက်။**

လမ်းမတော်မြို့နယ်တွင် နှစ်လောင်းပြိုင် လူသတ်မှုဖြစ်ပွား တရားခံများအား နှစ်ရက်အတွင်း ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်မြို့ လမ်းမတော်မြို့နယ် အမှတ်(၃) ရပ်ကွက်တွင် ဖေဖော်ဝါရီ ၆ရက်က နှစ်လောင်းပြိုင် လူသတ်မှုဖြစ်ပွားရာ ရန်ကုန်တိုင်းရဲတပ်ဖွဲ့က နှစ်ရက်အတွင်း တရားခံများအား ဖော်ထုတ်ဖမ်းဆီးရမိသည်။

အခင်းဖြစ်ပွားပုံမှာ လမ်းမတော်မြို့နယ် အမှတ်(၃) ရပ်ကွက် ကမ်းနားလမ်း အမှတ်(၉၅၀) တတိယထပ်၌ နေထိုင်သော ကိုဝင်းမြတ်သူသည် ဖေဖော်ဝါရီ ၆ရက် နံနက်၁၀နာရီခွဲတွင် ထိုင်ဝမ်သို့ ပြန်မည့် အစ်ကိုဖြစ်သူအား အစ်မဖြစ်သူ မိသားစုတို့နှင့်အတူ နေအိမ်မှ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ လိုက်ပို့ခဲ့သည်။

လေဆိပ်မှ နေအိမ်သို့ မွန်းလွဲ ၁၂နာရီ ၄၅မိနစ်တွင် ပြန်ရောက်လာရာ လှေကားတံခါးသော့ ပွင့်နေသဖြင့် နေအိမ်ခန်းသို့ တက်ရောက်ကြည့်ရှုစဉ် နေအိမ်၌ ကျန်ရစ်ခဲ့သည့် ဖခင် ဦးတင်ကြူ (၈၃)နှစ်သည် အိမ်ရှေ့ခန်းကုလားထိုင်ပေါ်တွင် ဓားဒဏ်ရာများဖြင့် လည်းကောင်း၊ မိခင်ဒေါ်ကျင်နု (၇၈)နှစ်သည် နောက်ဖေးခန်း၌ မှောက်လျက်ဒဏ်ရာများဖြင့် လည်းကောင်း သေဆုံးနေပြီး မိခင် ဝတ်ဆင်ထားသည့် နားမှစိန်ခြယ် နားကပ်တစ်ရံ (တန်ဖိုးငွေကျပ်ရှစ်သိန်း)နှင့် ကျောက်ဖြူလက်စွပ်တစ်ကွင်း (တန်ဖိုးငွေကျပ်လေးသိန်း) စုစုပေါင်း တန်ဖိုးငွေကျပ် ၁၂ သိန်းပါပျောက်ဆုံးသွားသဖြင့် ကိုဝင်းမြတ်သူက လမ်းမတော်မြို့နယ်ရဲစခန်းသို့ တိုင်ကြားခဲ့သည်။

စုံစမ်းစစ်ဆေးချက်များအရ လူသတ်မှု ကျူးလွန်ရာတွင် အသုံးပြုခဲ့သည့် သွေးနှင့် ဆံပင်များကပ်ညိ နေသော အရိုးအသွား ၁၁လက်မခန့်ရှိ ဓားတစ်ချောင်း၊ မသင်္ကာဖွယ်ရာ သဲလွန်စများနှင့် မှတ်တမ်း မှတ်ရာ စာအုပ်များကို ရှာဖွေစစ်ဆေးတွေ့ရှိရသဖြင့် ဖေဖော်ဝါရီ ၇ရက်တွင် တရားခံ သန်းခိုင်ဦး(၂၄)နှစ်(အဘ)ဦးချစ်လှိုင်အား ၎င်းနေထိုင်ရာ သာကေတမြို့နယ် အမှတ်(၅)ရပ်ကွက် သုမန (၅)လမ်း အမှတ်(၃၀၆)နေအိမ်၌ ဖမ်းဆီးရမိခဲ့သည်။

ထို့နောက် ပြည်သူလူထု၏ ဝိုင်းဝန်းကူညီသတင်းပေးမှုကြောင့် လူသတ်မှုကို ပူးပေါင်း ကြံစည်ခဲ့သူ တရားခံ အေးလွင်(ခ) ကုလား (၂၈)နှစ် (အဘ)ဦးတင်ဝင်းအား ဖေဖော်ဝါရီ ၈ရက် မွန်းလွဲ ၂နာရီခွဲတွင် ထပ်မံဖမ်းဆီးရမိခဲ့သည်။

တရားခံများ၏ ထွက်ဆိုချက်များအရ သန်းခိုင်ဦးသည် အိမ်နီးချင်းဖြစ်သူ အေးလွင်(ခ)ကုလားနှင့်အတူ ဖေဖော်ဝါရီ ၆ရက် မွန်းတည့် ၁၂နာရီခန့်တွင် အခင်းဖြစ်အိမ်သို့ ရောက်ရှိခဲ့ကြောင်း၊ သန်းခိုင်ဦးက လှေကားတံခါးမှ နေ၍ ဒေါ်ကျင်နုအား ခေါ်သဖြင့် ဒေါ်ကျင်နု ထွက်ကြည့်ပြီး မျက်နှာသိ ရင်းနှီးသူဖြစ်ခြင်းကြောင့် သော့ကို ကြိုးဖြင့်ချပေးခဲ့ကြောင်း၊ အိမ်ပေါ်သို့ ၎င်းတို့နှစ်ဦးတက်၍ သန်းခိုင်ဦးက ဒေါ်ကျင်နုအား ပစ္စည်းပေးရန် တောင်းဆိုရာ မရသဖြင့် သန်းခိုင်ဦးက မီးဖိုခန်းရှိ ဟင်းလှီးဓားဖြင့် ဒေါ်ကျင်နုအားလည်းကောင်း၊ အေးလွင်(ခ)ကုလားက အသင့်ယူဆောင်ခဲ့သော ဓားဖြင့် အိမ်ရှေ့ခန်းရှိ ဦးတင်ကြူအားလည်းကောင်း ထိုးသတ်ခဲ့ကြကြောင်း သိရှိရသည်။

အဆိုပါ လမ်းမတော်မြို့နယ် အမှတ်(၃)ရပ်ကွက် နှစ်လောင်းပြိုင်လူသတ်မှုတွင် ပြည်သူလူထု၏ ဝိုင်းဝန်းကူညီသတင်းပေးမှုကြောင့် ယခုကဲ့သို့ တရားခံများအား နှစ်ရက်အတွင်း လျင်မြန်စွာဖမ်းဆီးရမိခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

အင်းစိန်မြို့နယ် ဈေးကုန်းအနောက်ရပ်ကွက်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီမှကြီးမှူး၍ ပဌမအကြိမ် သက်ကြီးပူဇော်ပွဲကို မြို့နယ်မီးသတ်ဦးစီးဌာန၌ကျင်းပရာ မြို့နယ်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးယုနိုင်က မြန်မာ့လက်ရွေးစင် ဘောလုံးသမားဟောင်းကြီး ဦးစိန်လှိုင်အား ကန်တော့ပစ္စည်းများ ပေးအပ်စဉ်။
(၆၁)

ဖေဖော်ဝါရီ ၉ ရက်က ၂၀၀၆ ခုနှစ် မြန်မာနိုင်ငံ အိုလံပစ်ကော်မတီဥက္ကဋ္ဌဒိုင်း (၅၄)ကြိမ်မြောက် အမျိုးသားတံခွန်စိုက် (ဝန်ကြီးဌာနပေါင်းစုံ) ပြေးခုန်ပစ်ပြိုင်ပွဲကို လှူငယ်အားကစားလေ့ကျင့်ရေးစခန်း(သုဝဏ္ဏ)၌ ကျင်းပရာ အမျိုးသားမီတာ ၁၀၀၀၀ပြိုင်ပွဲ၌ ပထမရရှိသွားသည့် အောင်သီဟ (ပြည်ထဲရေး) (နံပါတ်-၉၀)ဦးဆောင်ယှဉ်ပြိုင်စဉ်။ (ကြေးမုံ)

မိုးကောင်းစေတီတော် ဂေါပကအဖွဲ့သစ် ရွေးချယ်

ရန်ကုန် ဖေဖော်ဝါရီ ၉

ရန်ကုန်တိုင်း ရန်ကင်းမြို့နယ် မိုးကောင်းဆုတောင်းပြည့်စေတီတော် ဂေါပကအဖွဲ့သစ်ကို ဇန်နဝါရီ ၁၅ ရက်ကပြန်လည်ဖွဲ့စည်းခဲ့သည်။

ဂေါပကအဖွဲ့သစ်တွင် အဂ္ဂမဟာသီရိသုဓမ္မမဏိဇောတရ ဦးကျော်မင်းက ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ဒုတိယဥက္ကဋ္ဌများအဖြစ် သီရိသုဓမ္မမဏိဇောတရ ဦးသန်းထွန်း(ကုံကော်ရွှေပြည်)နှင့် ဦးကိုကိုကြီး၊ အတွင်းရေးမှူးအဖြစ် ဦးချစ်ရွှေနှင့် ဘဏ္ဍာရေးမှူးအဖြစ် ဦးလှသိန်း(အရိယာဓမ္မာရုံ)တို့အပါအဝင် အမှုဆောင်အဖွဲ့ဝင် ၁၅ ဦးတို့ကို ရွေးချယ်ကြောင်းသိရသည်။ (က-ပ)

ပြည်ထောင်စုအလံတော်ကို ရန်ကုန်တောင်ပိုင်းခရိုင်မှ အရှေ့ပိုင်းခရိုင်သို့ ဆက်လက်သယ်ဆောင် လမ်းတစ်လျှောက်မှ ပြည်သူထောင်ပေါင်းများစွာက သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုအလေးပြု

ရန်ကုန် ဖေဖော်ဝါရီ ၉

၂၀၀၆ ခုနှစ် (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ အလံတော်သယ်ယူရေးအစီအစဉ်အရ ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း စင်မြင့်ရှိ ငွေဖလား၌ ယမန်နေ့တွင် တစ်ညတာရပ်နားခဲ့သော ပြည်ထောင်စုအလံတော်ကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်သို့ ပြည်ထောင်စု လေ့ဖြင့်လည်းကောင်း၊ အလံတော် သယ်ယူရေးအဖွဲ့များက အဆင့်ဆင့်လက်ဆင့်ကမ်း၍လည်းကောင်း သယ်ဆောင်ကြပြီး ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က ပြည်ထောင်စု အလံတော်ကို နံနက် ၈နာရီ ၃၅မိနစ်တွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အားကစားကွင်းစင်မြင့်ရှိငွေဖလား၌ စိုက်ထူလိုက်သည်။

ပြည်ထောင်စုအလံတော်ကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ်မှ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်သို့ ဆက်လက် သယ်ဆောင်သည့်အခမ်းအနားကို နံနက်ပိုင်းတွင် သန်လျင်မြို့နယ် သီဟဒီပအားကစားကွင်း၌ကျင်းပရာ ရှေးဦးစွာ ပြည်ထောင်စု အလံတော်ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်ရေးပြတပ်ဖွဲ့၊ ဂုဏ်ပြုတပ်ဖွဲ့နှင့်အတူ ပြည်သူလူထုကြီးက အလေးပြုကြရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် စစ်တီးဝိုင်းက နိုင်ငံတော်သီချင်းကို တီးမှုတ်သည်။

ထို့နောက် နံနက် ၆နာရီ ၄၅ မိနစ်တွင် ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီး အောင်ပြည့်က သီဟဒီပအားကစားကွင်းစင်မြင့်ရှိ ငွေဖလား၌ စိုက်ထူထားသော ပြည်ထောင်စုအလံတော်ကို နုတ်ယူ၍ တပ်မတော်(ကြည်း၊ ရေ၊လေ) နှင့် ရဲအရာရှိလေးဦး၊ ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများခြံရံလိုက်ပါကာ သီဟဒီပအားကစားကွင်း မုခ်ဦးသို့ သတ်မှတ်လမ်းကြောင်းအတိုင်းသယ်ဆောင်ပြီး သီဟဒီပအားကစားကွင်း မုခ်ဦးရှေ့ အရောက်၌ ရန်ကုန်အရှေ့ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်ထံ လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌဒုတိယဗိုလ်မှူးကြီးမောင်မောင်ရှိန်က တပ်မတော်(ကြည်း၊ရေ၊လေ)နှင့် ရဲအရာရှိ လေးဦး၊ ပြည်ထောင်စုတိုင်းရင်းသားတိုင်းရင်းသူများခြံရံလိုက်ပါကာသယ်ဆောင်လာပြီးပြည်ထောင်စုလှေပေါ်ရှိငွေဖလား၌စိုက်ထူသည်။ **စာမျက်နှာ၁၀ ကော်လံ၁သို့ ➪**

(၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ ပြည်ထောင်စုအလံတော်ကို ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ် တောင်ပိုင်းမြို့နယ် အားကစားကွင်းသို့ အလံတော်သယ်ယူရေးအဖွဲ့များက လက်ဆင့်ကမ်းသယ်ဆောင်လာစဉ်။ (သတင်းစဉ်)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- ✻ နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✻ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✻ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✻ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- ✻ စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ✻ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✻ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- ✻ တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- ✻ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✻ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✻ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

ကြေးမုံ The Mirror (၅၉)နှစ်မြောက် ပြည်ထောင်စုနေ့ကို ဂုဏ်ပြုကြိုဆို

အသီးတစ်ရာ အညွှာတစ်ခု ဒို့ပြည်ထောင်စု

☆ *ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် တိုင်းရင်းသားလူမျိုးစု ၁၀၀ကျော်တို့သည် ရှေးပဝေသဏီကတည်းက ချစ်ချစ်ခင်ခင်စည်းစည်းလုံးလုံး အတူတကွ အခြေချနေထိုင်ခဲ့ကြသည်။ တစ်ဦးနှင့်တစ်ဦးအေးအတူပူအမျှပူးပေါင်းနေထိုင်ခဲ့သည့် ခိုင်မြဲသော အစဉ်အလာကောင်းရှိပြီးဖြစ်သည်။ နိုင်ငံတော်၏သမိုင်းကြောင်းတွင် တိုင်းရင်းသားလူမျိုးအချင်းချင်းဥမကွဲသိုက်မပျက်အပြန်အလှန်စာနာနားလည်မှု၊ တွယ်တာမှုများဖြင့် ချစ်ကြည်စွာနေထိုင်သည့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံရှင်သန်မှုများရှိသည်။*

အထက်မင်းလှညွန့်အောင်၏ **"ပြည်ထောင်စုနေ့ ဦးတည်ချက်များကို အမျိုးသားရေးတာဝန်အဖြစ် ခံယူကြိုးပမ်းသွားကြပါစို့"**

ဆောင်းပါး(စာမျက်နှာ–၈)

☆ ဖိုးရန်နိုင်(ကျောက်ကြီး)၏ **"ပြည်ထောင်စု အားမာန်"**

ကဗျာ(စာမျက်နှာ–၉)

☆ ***တပ်မတော်အစိုးရလက်ထက် ဖွံ့ဖြိုးတိုးတက်လျက်ရှိသော ကရင်ပြည်နယ်***

သတင်းဆောင်းပါး(စာမျက်နှာ–၉)